ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ စနေနေ့၊ (16-4-2011) (၆၇၃၆)

ပတိရူပ ဒေသဝါသောစ တေ်မင်္ဂလမုတ္တမံ

သင့်တင့်လျောက်ပတ်သောအရပ်၌ နေခြင်းသည် မြတ်သောမင်္ဂလာမည်၏ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ❂ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ❂ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဟာသင်္ကြန်အကြတ်နေ့ နေပြည်တော်တစ်ခွင် အေးချမ်းပျော်ရွှင် လန်းဆန်းမှု အရှိန်အဟုန်မြှင့်တင်

နေပြည်တော် ဧပြီ ၁၅

၁၃၇၂ ခုနှစ် ကုန်ဆုံးရန် နှစ်ရက်မျှသာလိုတော့သည်။ မြန်မာနှစ်အကုန်တွင် နှစ်ဟောင်း၏ မကောင်းမှုကို အတာသင်္ကြန်ရေစင်ဖြင့် ဖျန်းပက်ဆေးကြောသန့်စင်သော မြန်မာတို့၏ ရိုးရာဓလေ့ကို လက်ဆင့်ကမ်းသယ်ဆောင်ကာ အတာသင်္ကြန်ရေသဘင်ပွဲကို ဆင်နွှဲကြခြင်းဖြစ်သည်။ ပူပြင်းခြောက်သွေ့သော ဂိမှာန်နွေဦးလတန်ခူးတွင် အေးမြကြည်လင်သော အတာရေစင်သည် ကိုယ်၊ စိတ်နှလုံးကို အေးချမ်းရွှင်ကြည်စေသည်။

မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော်တစ်ခွင်၌ အေးချမ်းပျော်ရွှင်လန်းဆန်းမှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ကြလျက် ကြည်လင်လန်းဆန်းမှုရသကို ပြည်သူတို့၏ ဖရဏာပီတိရွှန်းကြည်အိသည့် မျက်နှာများက သက်သေထူဖော်ပြလျက်ရှိသည်။

ယနေ့တွင် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝန်ကြီးဌာန ယိမ်းအကအဖွဲ့များနှင့် ဟိုတယ်များမှ ယိမ်းအကအဖွဲ့များက အဖွဲ့လိုက် ယှဉ်ပြိုင်ကပြ ပြိုင်ပွဲဝင်ကြပြီး စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့က သင်္ကြန်အဆို၊ အကများဖြင့် သီဆိုကပြ တီးခတ်ဖျော်ဖြေ တင်ဆက်ကြရာ ရေပက်ခံကားများဖြင့် ရေပက်ခံထွက်ကြသူ၊ မြန်မာရိုးရာသင်္ကြန်ပွဲ ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၄ သို့**❇

မဟာသင်္ကြန်အကြတ်နေ့က နေပြည်တော် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားနေကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

ချောက်	၄၃	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂	ဒီဂရီစင်တီဂရိတ်
မကွေး	၄၂	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၁	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၁	ဒီဂရီစင်တီဂရိတ်

မဟာသင်္ကြန်အကြတ်နေ့ နေပြည်တော် မဟာသင်္ကြန်ပွဲတော် ပြည်ထောင်စုအစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ လှည့်လည်အားပေး

နေပြည်တော် ဧပြီ ၁၅

မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော်တစ်ခွင်၌ ပြည်သူများ အေးချမ်းပျော်ရွှင်လန်းဆန်းမှု ကိုယ်စီဖြင့် အတာသင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲလျက်ရှိကြရာ ယခင်နေ့များကထက် ပိုမိုစည်ကားများပြားလျက်ရှိသည်။ ရေပက်ခံကားများလည်း ပိုမိုထွက်ရှိလာရာ ရေကစားမဏ္ဍပ်များ၌ ကားတန်းရှည်ကြီးများဖြင့် အထူးစည်ကားလျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့❁

The Mirror

၁၆-၄-၂၀၁၁
(စနေနေ့)

မြန်မာ့နှစ်သစ်ကူးမင်္ဂလာ ငြိမ်းချမ်းသာယာ

မြန်မာတို့၏နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကြီး ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲနေကြသည်။ နှစ်သစ်ကူးမင်္ဂလာ အခါသမယ၌ မြန်မာပြည်သူတို့ ချမ်းမြေ့ပျော်ရွှင် ရေစင်ဖျန်းပက် ရေကစားလျက်ရှိသည်။ ရေ၏ အေးမြခြင်း၊ ကြည်လင်ခြင်း၊ သန့်စင်ခြင်းသဘာဝအရ သင်္ကြန်ရေသည် လူတိုင်းကို အေးမြစေပြီ။ နှစ်ဟောင်းမှ အညစ်အကြေးဟူသမျှ ကင်းစင်လွင့်ပျောက်စေခဲ့ပြီ။

မကြာမီ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိတော့မည်။ နှစ်သစ်ကူးမင်္ဂလာ အခါတော်တွင် ပြည်သူတစ်ရပ်လုံး ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးတို့ဖြင့် ပြုဖွယ်ပြုရာမှန်သမျှ ကြိုးပမ်းအားထုတ် ကြရပေမည်။ ဗုဒ္ဓဘာသာဝင်သူတော်စင် အပေါင်းတို့က ကောင်းမှုကုသိုလ်တရားပွားများကြမည်။ ဥပုသ်သီလဆောက်တည် တရားဘာဝနာအားထုတ်ကြပေမည်။

လူငယ်လူရွယ် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ လူကြီးမိဘ ဆရာသမားတို့အား ရိုသေလေးစား ဂါရဝထား ကန်တော့ကြမည်။ ဘုရားကျောင်းကန်သို့ သွားရောက် ရေလှူကြမည်။ သက်ကြီးရွယ်အိုများအား သောက်သုံးရေ ချိုးရေများလှူ၍ ကုသိုလ်ဒါနပြုကြမည်ဖြစ်သည်။ ဤသည်တို့သည် နှစ်ဟောင်းလွန်မြောက် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိချိန်တွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ပြုကြမြဲဖြစ်သည့် မင်္ဂလာရှိသော ပြုဖွယ်ပြုရာများဖြစ်သည်။

မြန်မာ့နှစ်သစ်သို့ကူးပြောင်းချိန်သည် မြန်မာနိုင်ငံတွင် ခေတ်သစ်စနစ်သစ်သို့ ကူးပြောင်းနေချိန်ဖြစ်သည်။ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့်ကာလဖြစ်သည်။ တာဝန်သိမှုနှင့် လွတ်လပ်မှုကို ဟန်ချက်ညီညီ ကျင့်သုံးနိုင်သည့် ဒီမိုကရေစီစနစ်အောင်မြင်စွာဖော်ဆောင်နိုင်ရေး ကြိုးပမ်းကြမည် ဖြစ်သည်။ ပြည်သူတို့၏ လူနေမှုဘဝ၊ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေး အားထုတ်ကြပေတော့မည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သော်လည်း ပြည်သူများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ဆောင်ရွက်ကြမည်ဖြစ်သည်။ မွန်မြတ်သည့် စိတ်ဓာတ်ကောင်း၊ စေတနာကောင်းများဖြင့် ခိုင်မာအားကောင်းသည့် အစိုးရတစ်ရပ်အဖြစ် ရပ်တည်ရင်း နိုင်ငံနှင့် ပြည်သူတို့ဘဝ သာယာလှပအောင် စွမ်းဆောင်ကြပေတော့မည်။

မြန်မာ့နှစ်သစ်ကူးမင်္ဂလာအခါသမယသည် ယင်းသို့သော အခြေအနေကောင်း၊ အချိန်အခါကောင်းများနှင့် တိုက်ဆိုင်လျက်ရှိရာ ပြည်သူအများတို့၏ ပေါင်းစည်းမှုစွမ်းအား၊ စိတ်သစ်အားမာန်သစ်များနှင့်အတူ နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေဆာစေကြောင်း ဆုတောင်းမေတ္တာပွားများအပ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရောဝတီတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် အကျနေ့ အကပဒေသာများဖြင့် ရေသဘင်ပွဲဆင်နွှဲ

နေပြည်တော် ဧပြီ ၁၅

မဟာသင်္ကြန်အကျနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီး ဗဟိုမဏ္ဍပ်၊ ပြည်ထဲရေးဝန်ကြီးဌာန မေတ္တာရေစင်မဏ္ဍပ်၊ ပုသိမ်တက္ကသိုလ်ကန်သာယာမဏ္ဍပ်နှင့် သစ်တောရေးရာဝန်ကြီးဌာနမဏ္ဍပ်တို့ဖြင့် အတာရေသဘင်ပွဲဆင်နွှဲကြသည်။

ဗဟိုမဏ္ဍပ်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ လာရောက်ကြည့်ရှုအားပေးကြရာ ရုပ်ရှင်သရုပ်ဆောင် သူထူးစံနှင့် လှပျိုဖြူများ၊ ယိမ်းအဖွဲ့များက အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြပြီး ယိမ်းအဖွဲ့များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ရှိ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁၅

၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် Tour Gold Cup ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Royal Myanmar Golf & Country Club ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ

ယနေ့ကျင်းပသည့် တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲတွင် Professional အဆင့်၌ လှမျိုးက စုစုပေါင်း ရိုက်ချက် ၆၉ ချက်ဖြင့် ပထမ၊ ဇော်ဇော်လတ်က စုစုပေါင်း ရိုက်ချက် ၇၀ ဖြင့် ဒုတိယ၊ မြင့်သိန်းက စုစုပေါင်း ရိုက်ချက် ၇၀ ဖြင့် တတိယ၊ စိုးကျော်နိုင်က စုစုပေါင်းရိုက်ချက် ၇၀ ဖြင့် စတုတ္ထနှင့် နိုင်နိုင်လင်းက စုစုပေါင်း ရိုက်ချက် ၇၀ ဖြင့် ပဉ္စမရရှိကြသည်။

ထို့အတူ Amateur အဆင့်၌ မောင်မောင်ဦးက စုစုပေါင်းရိုက်ချက် ၇၁ ချက်ဖြင့် ပထမ၊ သိန်းနိုင်စိုးက စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ဒုတိယ၊ ကျော်စွာလင်းက စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် တတိယ၊ သီဟအောင်က စုစုပေါင်းရိုက်ချက် ၇၄ ချက်ဖြင့် စတုတ္ထနှင့် သူရကျော်က စုစုပေါင်းရိုက်ချက် ၇၄ ချက်ဖြင့် ပဉ္စမ အသီးသီးရရှိကြကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် နေ ပြည် တော် မြို့ တော် ဝန် မ ဟာ သင်္ကြန် Tour Gold Cup ဖိတ်ခေါ် ဂေါက် သီး ရိုက် ပြိုင် ပွဲ ကို နေ ပြည် တော် ရှိ Royal Myanmar Golf & Country Clubဂေါက်ကွင်း၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁၅

ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်း၏ (၅၃)ကြိမ်မြောက် မဟာသင်္ကြန် ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin Gold Cup) ၏ စတုတ္ထနေ့နှင့် နောက်ဆုံးနေ့အဖြစ် ရွှေအဆင့် အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများ၊ ငွေအဆင့် အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများ၊ ပြင်ဦးလွင် တံခွန်စိုက်ဖလား ပြိုင်ပွဲများကို ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ပြင်ဦးလွင် ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပသည်။

ဧပြီ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သော ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ပြင်ဦးလွင် ဂေါက်ကလပ်ရှေ့ မြက်ခင်းပြင်၌ ဆက်လက်ကျင်းပရာ KM Golf Centre မှ ဒါရိုက်တာ ဦးမျိုးဝင်းက ကြေးအဆင့် တစ်ဦးချင်း ပြိုင်ပွဲတွင်ဆုရရှိသူများအားလည်းကောင်း၊ R R R Hotel ပိုင်ရှင် ဒေါက်တာအောင်ဝင်းက ငွေအဆင့် တစ်ဦးချင်း ပြိုင်ပွဲတွင်ဆုရရှိသူများအားလည်းကောင်း၊ Soe & Association မှ Chairman ဦးစိုးမြင့်က ရွှေအဆင့် တစ်ဦးချင်း ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အဓိက ကူညီပံ့ပိုးခဲ့သော Kaung Myat Companies (KM Golf Centre) နှင့် Co Sponsor များအား ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း ဒုတိယဥက္ကဋ္ဌ၊ ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြင်ဦးလွင်တံခွန်စိုက်ဖလား တစ်ဦးချင်း ပြိုင်ပွဲတွင် H' Cap ၁၀ နှင့် သတ်မှတ်ရိုက်ချက်အောက် (၁၈) ချက်လျှော့ရိုက်ကာ ပထမရရှိသွားသော ရဲထက် (ပြင်ဦးလွင်) နှင့် H' Cap ၁၈ နှင့် သတ်မှတ်ရိုက်ချက်အောက် (၁၇) ချက် လျှော့ရိုက်ကာ ဒုတိယရရှိသွားသော ဝင်းကို(ပြည်) တို့အားလည်းကောင်း၊ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်ဝင်းက ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၄၈၆ ချက်ဖြင့် ပထမရရှိသွားသော ပြည်(က)အသင်း၊ စုစုပေါင်းရိုက်ချက် ၅၁၀ ဖြင့် ဒုတိယရရှိသွားသော ပြင်ဦးလွင် (က) အသင်းတို့အားလည်းကောင်း၊ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းနာယက ဗိုလ်မှူးချုပ် စိုးဝင်းက ငွေအဆင့် အသင်းလိုက် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၄၉၁) ချက် ဖြင့် ပထမရရှိသွားသော မုံရွာ(က) အသင်း၊ စုစုပေါင်းရိုက်ချက် (၄၉၉) ချက် ဖြင့် ဒုတိယရရှိသွားသော မုံရွာ(ခ) အသင်းတို့အားလည်းကောင်း၊ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ညိုစောက ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၄၅၂ ချက်ဖြင့် ပထမ ရရှိသွားသော ပြင်ဦးလွင်(ခ)အသင်း၊ စုစုပေါင်းရိုက်ချက် ၄၅၈ ချက်ဖြင့် ဒုတိယရရှိသွားသော မန္တလေး(ခ)အသင်း တို့အားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိ

ရန်ကုန်မြို့အတွင်း
ဟွန်းမတီးရ

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်း
ထိန်းသိမ်းရေးကော်မတီ

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ဂိတ် လမ်းတံတား ကောက်ခံနှုန်းထားလျှော့ချ

ပြည်သူများအပေါ်တွင် လမ်းခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုနှင့်ပတ်သက်၍ ဝန်ထုပ်ဝန်ပိုး အခွန်အခလျှော့ကျသက်သာစေရန် ရည်ရွယ်ချက်ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း လမ်းတံတားအသုံးပြုခနှုန်းထားသစ်ကို ဧပြီ ၁ ရက်မှ စတင်၍ပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသစ်ပြဋ္ဌာန်းလိုက်သော လမ်းတံတားအသုံးပြုခနှုန်းထားများမှာ-

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)
တောင်ကြီး-လွိုင်လင် BOTလမ်းအပိုင်း-၅၇ မိုင်(လွိုင်လင်ဂိတ်)

စဉ်	ယာဉ်အမျိုးအစား	ယခင်ညှိနှိုင်းဈေး	ယခုပ. ဆ. ငနှုန်းဖြင့်ကောက်ခံရမည့်နှုန်း
၁	၂ တန်အောက်ထော်လာဂျီ(အသေး)	(ကျပ်) ၂၀၀	(ကျပ်) ၃၅
၂	၂ တန်အောက်ထော်လာဂျီ(အကြီး)	(ကျပ်) ၅၀၀	(ကျပ်) ၃၅
၃	၂ တန်အောက်ကိုယ်ပိုင်ယာဉ်ငယ်	(ကျပ်) ၂၀၀	(ကျပ်) ၃၅
၄	၂ တန်အောက်ဟိုင်းလတ်(ခရီးသည်တင်)	(ကျပ်) ၅၀၀	(ကျပ်) ၉၀
၅	၂ တန်အောက်ဒိုင်နာ (ခရီးသည်တင်)	(ကျပ်) ၁၀၀၀	(ကျပ်) ၁၄၅
၆	၂ တန်မှ ၅ တန်ကြားဒိုင်နာယာဉ်	(ကျပ်) ၂၀၀၀	(ကျပ်) ၁၄၅
၇	၂ တန်မှ ၅တန်ကြား မှန်လုံအလတ်	(ကျပ်) ၂၀၀၀	(ကျပ်) ၁၄၅
၈	၅ တန်အထက် မှန်လုံအကြီး	(ကျပ်) ၃၀၀၀	(ကျပ်) ၁၈၀
၉	၅ တန်အထက် ၆ဘီးကုန်တင်ယာဉ်(ကုန်ပါ)	(ကျပ်) ၆၀၀၀	(ကျပ်) ၃၆၀
၁၀	၅ တန်အထက်၁၀ဘီးကုန်တင်ယာဉ်(ကုန်မပါ)	(ကျပ်) ၄၀၀၀	(ကျပ်) ၃၆၀
၁၁	၅ တန်အထက်၁၀ဘီးကုန်တင်ယာဉ်(ကုန်ပါ)	(ကျပ်)၁၂၀၀၀	(ကျပ်) ၃၆၀
၁၂	၅ တန်အထက်၁၀ဘီးကုန်တင်ယာဉ်(ကုန်မပါ)	(ကျပ်) ၉၀၀၀	(ကျပ်) ၃၆၀
၁၃	၅ တန်အထက်၁၂ဘီးကုန်တင်ယာဉ်(ကုန်ပါ)	(ကျပ်)၁၂၅၀၀	(ကျပ်) ၃၆၀
၁၄	၅ တန်အထက်၁၂ဘီးကုန်တင်ယာဉ်(ကုန်မပါ)	(ကျပ်) ၉၀၀၀	(ကျပ်) ၃၆၀

(နေလင်းစံ)

❀ **မဟာသင်္ကြန်အကြတ်နေ့မှ**

နေပြည်တော် မဟာသင်္ကြန်ပွဲတော်နွဲပျော်မှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြဒေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးအေးမြင့်နှင့် သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမောင်တို့သည် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ အမရဟိုတယ်ရေကစားမဏ္ဍပ်၊ ရွှိုင်ရယ်ကုမုဒြာဟိုတယ် ရေကစားမဏ္ဍပ်နှင့် ရွှေမြန်မာဟိုတယ် ရေကစားမဏ္ဍပ်တို့ကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဝန်ကြီး ဦးတင့်ဆန်း၊ ဝန်ကြီး ဦးအောင်မင်း၊ ဝန်ကြီး ဒေါက်တာမြဒေး၊ ဝန်ကြီး ဦးအေးမြင့်နှင့် ဝန်ကြီး ဦးစိုးမောင်တို့ အမရဟိုတယ် ရေကစားမဏ္ဍပ်၌ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့ ရေသဘင်ပွဲ ရန်ကုန်မြို့ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး၌ စည်ကားပျော်ရွှင်စွာ ဆင်နွှဲခဲ့ရာ မဟာသင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့ရှိ မြို့နယ်အသီးသီးမှ သင်္ကြန်ချစ်သူပြည်သူများသည် အတာရေသဘင်ပွဲကို အေးချမ်းပျော်ရွှင်လန်းဆန်းစွာ ဆက်လက်ဆင်နွှဲကြသည်။

ယနေ့တွင် ရေပက်ခံကားများ ပိုမိုများပြားလာသကဲ့သို့ ရေကစားမဏ္ဍပ်များကလည်း တေးသံသာများ လွှင့်ပျံကာ ရေပက်အားကောင်းကောင်းဖြင့် ပျော်ရွှင်စွာ ရေပက်ကစားကြသည်ကိုတွေ့ရသည်။ ရေပက်ခံကားများ အထူးများလာသဖြင့် ရေပက်ခံကားများရော၊ ခရီးသွားပြည်သူများပါ သွားလာမှု လွယ်ကူစေရန် တာဝန်ရှိသူများက ရှင်းလင်းပေးပြီး အင်းလျားကန်အနီးရှိ ကမ္ဘာအေးစေတီလမ်းကို ကမ္ဘာအေးစေတီလမ်းနှင့် သစ္စာလမ်းဆုံမှစ၍ နှစ်လမ်းမောင်းမှ တစ်လမ်းမောင်းသို့ ယာယီပြောင်းပေးခဲ့သည်။ ထို့အတူ အင်းလျားကန်အနီး ပြည်လမ်း၌လည်း မော်တော်ယာဉ်များ ယာဉ်ကြောမပိတ်ရေးအတွက် တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ ပြည်လမ်း အင်းလျားကန်အနီးရှိ SPY ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားကြစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့တွင် အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြရာ၌ မြောက်ဥက္ကလာပမြို့နယ် သိင်္ဂီလမ်းနှင့် သုဓမ္မာလမ်းထောင့်ရှိ လူငယ်တို့၏ ရင်ခုန်သံ၊ သာကေတမြို့နယ် ဧရာဝဏ်လမ်းရှိ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၄၃)လမ်းထောင့်ရှိ ပိတောက်ရိပ်မိသားစု၊ အနော်ရထာလမ်းနှင့် (၄၈)လမ်းထောင့်ရှိ ရွှေမြန်မာ၊ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ပိတောက်ရိပ်၊ ဒဂုံမြို့နယ် အလုံလမ်းရှိ ရဲတံခွန်၊ မရမ်းကုန်းမြို့နယ်

မဟာသင်္ကြန် အကြတ်နေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ Air Bagan ရေကစားမဏ္ဍပ်၌ ရေကစားသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

ကမ္ဘာအေးစေတီလမ်းရှိ တန်ခူးလေ ရေကစားမဏ္ဍပ်များ၌ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ရခိုင်ရိုးရာသင်္ကြန်၊ အထက(၂) ကမာရွတ်၊ ကရင်ရိုးရာ ဒုံးယိမ်း၊ မူကြိုဆရာမများ၊ သင်္ကြန်ရွှေမင်းသမီး၊ မရမ်းကုန်းပျိုမေ၊ ပိတောက်ရွှေဝါ၊ ဗဟန်း မူလတန်းလွန်ကျောင်း၊ ယမင်းရွှေစင်၊ ပန်းသဇင်၊ သုဝဏ္ဏ-သယ်န်းကျွန်း၊ အမက(၃) ဗဟန်း၊ ယဉ်ပျိုမဒီ၊ အလက(၁) မရမ်းကုန်း၊ တိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့၊ ဦးအောင်ကျော်ဦးနှင့်အဖွဲ့၊ သင်္ကြန်မောင်မယ်၊ လှိုင်(၁) နှင့် (၃) စသည့် ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေကြသကဲ့သို့ ညပိုင်းတွင် Lazy Club တေးဂီတအဖွဲ့နှင့်အတူ အဆိုတော်များဖြင့် သင်္ကြန်ချစ်သူများအား ဖျော်ဖြေကြရာ နေ့ရောညပါ လာရောက်ကြည့်ရှုသူများ၊ ရေပက်ခံကားများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ ပြည်လမ်း အင်းလျားကန်အနီးရှိ SPY ရေကစားမဏ္ဍပ်၌ Big Bag တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင် ဂျေးမီနှင့်အဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေပြီး Air Bagan မဏ္ဍပ်၌ အင်ပါယာ တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင် ဇော်ဝင်းထွဋ်နှင့်အဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေကာ ယူရေနီယံ အကအဖွဲ့ကလည်း ရေပက်ခံပြည်သူများအား ဖျော်ဖြေကြသည်။

တန်ခူးလ၏ ပူပြင်းသောနေ့လယ်အပူရှိန်ကို ရှောင်ရှားရင်း ရေပက်ခံပြည်သူများသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ အင်းလျားကန်၊ ကန်တော်ကြီး၊ ကန်တော်မင်္ဂလာနှင့် ပြည်သူ့ဥယျာဉ်စသည်တို့၌ အပန်းဖြေကြသည်ကိုလည်း တွေ့ရသည်။

ရပ်ကွက်များ၌လည်း စေတနာရှင်များက ကောင်းမှုဒါနပြုနေကြသကဲ့သို့ ဘုန်းတော်ကြီးကျောင်းများ၌လည်း ဥပုသ်သီလဆောက်တည်ကြသူများအား အကျွေးအမွေးတို့ဖြင့် အာဟာရဒါနပြုကြသူများ စည်ကားလျက်ရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၄-၂၀၁၁ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ကုသိုလ်ကောင်းမှုထပ်ခါပြု" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသဿရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၃)**
- ၈း၄၅ 2011 သင်္ကြန်အကြတ်နေ့မြင်ကွင်း
- ၉း၀၅ ခါသင်္ကြန်အဆိုအကများ
- ၉း၁၅ ရိုးရာမပျက်ယဉ်ကျေးစွာနွှဲပျော် မြန်မာတို့ရဲ့အတာသင်္ကြန်ပွဲတော်
- ၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၁၅ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ကေန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အားမာန်
- ၁၀း၃၅ သွားမယ်စားမယ် (MYA SABEI)
- ၁၁း၀၀ Sports Diary
- ၁၁း၂၅ ခါသင်္ကြန်အဆိုအကများ
- ၁၁း၄၅ ဂီတသရုပ်ပြခန်း (အတုနှင့်အစစ်ဂစ်တာရီမစ် သင်္ကြန်ဒန့်)
- ၁၂း၁၀ ဇော်ဝမ်းသင်္ကြန်
- ၁၂း၂၀ ပန်းချီပြခန်း [(တကောင်းပန်းချီပြခန်း၏ (၁)နှစ်ပြည့်အမှတ်တရပြပွဲ)]
- ၁၂း၃၀ MRTV-4 မြန်မာ့ရိုးရာသင်္ကြန်
- ၁း၀၀ "ကုသိုလ်ကောင်းမှုထပ်ခါပြု" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ဂန္ဓဝင်တေးသံရှင်ဦးအံ့ကြီးနှင့် ဂါရဝပြုတွေ့ဆုံခြင်း (အပိုင်း-၃)
- ၂း၄၅ ခါသင်္ကြန်အဆိုအကများ
- ၃း၀၅ Movie Talk (မြန်မာသင်္ကြန်ရုပ်ရှင်ကားများ သမိုင်း) (အပိုင်း-၂)
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၃)**
- ၄း၅၅ VJ Choice
- ၅း၂၅ ခါသင်္ကြန်အဆိုအကများ
- ၅း၃၅ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ 2011 သင်္ကြန်အတက်နေ့မြင်ကွင်း
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇၆)**
- ၇း၂၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏လက်ရာ) (အပိုင်း-၁)
- ၈း၀၀ MRTV-4 သတင်း
- ၈း၂၅ Barclays Premier League (Birmingham Vs Sunderland)
- ၁၀း၂၅ Kid's Show
- ၁၀း၅၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၃၄)**
- ၁၁း၄၅ World of Knowledge (Seconds From Disaster: Fire on the Ski Slope)
- ၁၂း၃၀ ရွှေဖြစ်မည့်ရတနာအစစ်. . .
- ၁၂း၄၀ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
- ၁း၀၀ မျက်စိအမြင်ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်ပေး
- ၁း၁၅ Mega Star Talk (ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁း၄၅ နတ်လူသာစုခေါ် စေသောဝ် (ခေတ်သစ်၊ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၂း၀၅ Movie Mistakes (Mr And Mrs Smith)
- ၂း၃၀ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၂း၄၅ ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
- ၃း၀၅ အံ့ဖွယ်လေ့လာ အသံတုပညာ (အသံတုရဲမြင့်လေး)
- ၃း၃၀ Celebrity Profile (Avirl Lavigne)
- ၄း၀၅ ဆင်လိမ္မာတို့ နားခိုရာ
- ၄း၂၅ စကားဝါမြေ၏အိုအေစစ် (Popa Mountain Resort)
- ၄း၄၅ အလောင်းတော်ကဿပ လိုဏ်ဂူတော်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	West Bromwich - Chelsea	ESPN (Live)
	Birmingham - Sunderland	STAR SPORTS (Live)
၁၁း၀၀	Blackpool - Wigan	ESPN (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀း၄၀	Man City - Man U	STAR SPORTS (Live)

စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် 　 ဧပြီ 　 ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် ညနေ ၆ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။

ကပြဖျော်ဖြေ

ထို့နောက် ဗဟိုမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ် ရှစ်ခုတို့မှ ယိမ်းအလှပျိုဖြူလေးများက 'မန်းတောင်ရိပ်ခို' သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

သင်္ကြန်ရေပက်ဖျန်း

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဇနီး ဒေါ်ဝေဝေခိုင်တို့ ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက အမွှေးနံ့သာရည်တို့ကို သပြေခက်များဖြင့် မဟာသင်္ကြန်ရေ ပက်ဖျန်းကြသည်။

ထို့နောက် အလှပြယာဉ်အဖွဲ့ခြောက်ဖွဲ့တို့က အလှည့်ကျဖျော်ဖြေကြပြီး ဗဟိုမဏ္ဍပ်မှ ယိမ်းအလှပျိုဖြူလေးများက ပြန်လည်ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

သင်္ကြန်ရှုခင်း

❁ ဥသြတွန်ကျူး၊ နွေတန်ခူး
လေရူးဟိုဒီမွှေ။

❁ ရော်ရင့်ဝါရွက်၊ မြေပြင်ထက်
ဆင်းသက်လွင့်ကာကြွေ။

❁ ပင်ယံထက်နန်း၊ ပိတောက်ပန်း
ပွင့်လန်းဝါထိန်ဝေ။

❁ တူးပို့တေးသံ၊ ပြည်လုံးညံ
သင်္ကြန်ကျပြီလေ။

❁ သီဆိုအက၊ ရှုမဝ
ချိုမြနွေဦးပေ။

❁ ကလေးမောင်မယ်၊ အပျော်ကြွယ်
တံ့လှယ်ရေကစားနေ။

❁ မုန့်လုံးရေပေါ်၊ လုံးကာနော်
ခေါ်ကျွေးလှူဒါန်းဝေ။

❁ မုန့်လက်ဆောင်းမွှေး၊ ရွှေရင်အေး
တိုက်ကျွေးဒါနပေ။

❁ စတုဒိသာ၊ စေတနာ
မြန်မာစိတ်ရင်းပေ။

❁ သက်ကြီးရွယ်အို၊ ဘိုးဘွားကို
ရိုသေသန့်ရှင်းပေ။

❁ ဥပုသ်သီလ၊ စောင့်ထိန်းကြ
မြတ်လှကုသိုလ်တွေ။

❁ မေတ္တာစိတ်မွေး၊ ငါးဖွေးဖွေး
ဘေးမဲ့ လွှတ်ကြပေ။

❁ အပျော်လည်းဖက်၊ ကုသိုလ်စွက်ကာ
နှစ်သက်စရာ၊ နှစ်ကူးခါတွင်
ပြည်ရွာတစ်ဝန်း၊ အေးငြိမ်းချမ်း။ ။

ကိုနေရွှေ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားများ ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးစိုးတင့် စစ်ဆေး

နေပြည်တော် 　 ဧပြီ 　 ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၁၃ ရက် နံနက် ၈ နာရီတွင် ဟင်္သာတ-ဇလွန်-ဓနုဖြူ-စက္ကော့လမ်း၊ တာကွေ့-ကဇန်းလမ်း၊ မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းတစ်လျှောက်နှင့် မအူပင်တံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံး၌ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ ဧရာဝတီလမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဝင်လမ်းအမှတ် (၁)၊(၂)၊(၅)၊(၆)၊(၇)၊(၈) လမ်း၊ တံတားလုပ်ငန်း တိုးတက်မှုအခြေအနေများကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁၄ ရက်တွင် ဖျာပုံ-ဘိုကလေးလမ်းရှိ ဘိုကလေး မြစ်ကူးတံတားစီမံကိန်းသို့ ရောက်ရှိပြီး တံတားစီမံကိန်း အင်ဂျင်နီယာနှင့် လမ်းကွန်ရက်စီမံကိန်း လမ်းအမှတ်(၅) ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း လုပ်ငန်း စီမံကိန်းအင်ဂျင်နီယာတို့က သက်ဆိုင်ရာလုပ်ငန်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ အောက်နတ်ချောင်းတံတားပြီးစီးမှု၊ ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်းလမ်း၊ ကွမ်းခြံကုန်း-တွံတေး-ဒလလမ်းနှင့် ဖျာပုံတံတား၊ ဒေးဒရဲတံတားနှင့် တွံတေး တံတားများ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

ရင်ကျပ်ရောဂါ ပျောက်ချင်တယ်ဆိုရင် . . . .

ကျွန်တော် ရင်ကျပ်ရောဂါ (Asthma) ငယ်စဉ်က ရှိခဲ့ဖူးတယ်။ အရွယ်ရောက်လာတော့ မေ့မှိန်သွားတယ်။ တစ်ခါ အသက်(၃၀) လောက်ရှိလာတော့ ပြန်ဖြစ်လာတယ်။ ရိုးရိုးမဟုတ်ဘူး၊ ပြင်းထန်လာတယ်။ ဒီရောဂါက ဖြစ်ဖူးမှ သိတယ်။ ဖြစ်တဲ့လူလည်း မသက်သာ၊(ထိုင်မရ၊ ထမရ၊ လှဲမရ၊ အိပ်မရ၊ ဟောဟဲ ဟောဟဲ တရှိုးရှိုးနဲ့ အခုသေမလားလို့တောင်ထင်ရတယ်။) မြင်ရတဲ့လူလည်းမသက်သာ။မသက်သာဆိုတာ ရင်ကျပ်နေတဲ့လူကို ဘာမှ အကူအညီမပေးနိုင်လို့ လက်မှိုင်ချနေရတယ်။) တကယ်ကျေးဇူးတင်ထိုက်တာက အိမ်သူသက်ထားပါ။ အပူလိုရင် အပူ၊ အအေးလိုရင် အအေး၊ နေ့မအား ညမနား ကိုယ်ဖိ ရင်ဖိ ကူညီပေးပါတယ်။

ဆေးခန်းကိုသွား၊ ဆေးခန်းကို သွားတယ်ဆိုတာ လူနာကို အမြဲတမ်း ကားပေါ်တင်ပြီးမှ သွားရတာကို ပြောတာပါ။ တစ်ထွာလောက်ခရီးကိုတောင် လမ်းမလျှောက်နိုင်ဘူး။ ကားစီးရတယ်။ ဆေးခန်းရောက်တော့ အမိုင်နိုခေါ်တဲ့ အကြောဆေးကို ထိုးပေး၊ ဒါကလည်း သိကြားမင်းဆေးတစ်လက်ပါပဲ။ ချက်ချင်းပဲ ရင်ကျပ်က ပျောက်ပြီး အကောင်းပကတိလို စွမ်းဆောင်ပေးနိုင်တဲ့ဆေးပါ။ ဒါပေမယ့် မကြာပါဘူး။ ပြန်ဖြစ်တယ်။

အနောက်တိုင်း စားဆေး၊ သောက်ဆေး၊ ထိုးဆေး သုံးပေမယ့် ခဏပဲ။ ဒါနဲ့ မြန်မာဆေးကမှ အမြစ်ပြတ်တယ် ပြောလို့ မြန်မာဆေးဘက်ကိုလှည့်ပြီး လုပ်ကြည့်တယ်။သောက်လိုက်စားလိုက်ရတဲ့ မြန်မာရင်ကျပ်ပျောက်ဆေး မနည်းပါဘူး။ အရက်ပါတဲ့ လက်ချားနဲ့အရက်. . . တဲ့၊ ပျားရည်၊ သံပရာရည်နဲ့ အရက်. . . တဲ့၊ မျောက်သွေးနဲ့ အရက်တဲ့ . . . စုံလို့။ လာခဲ့ ပူပူခါးခါး မစဉ်းစားတော့ဘူး။

နောက်တစ်ခုက ရင်ကျပ်ရောဂါဖြစ်လို့ လည်ပင်းကိုခွဲပေးရင် ပျောက်တယ်ဆိုပဲ။ ဆေးရုံက ဆရာမတစ်ယောက် ရင်ကျပ်နေတာ လည်ပင်းကိုခွဲပေးလိုက်တာနဲ့ ပျောက်ကင်းကြောင်းကိုလည်း ကြားသိခဲ့ရတယ်။ ဒါကြောင့်ဆေးရုံတက်ပြီးခွဲမယ်လုပ်တော့ ပြည်နယ်ဆရာဝန်ကြီးက တကယ့်စိတ်စေတနာအပြည့်နဲ့ လည်ပင်းခွဲတယ်ဆိုတာ ကမ္ဘာမှာတောင် စမ်းသပ်တဲ့အဆင့်ပါ. . . တဲ့။ ဒီတော့ မခွဲပါနဲ့တဲ့၊ ခွဲစိတ်လိုက်လို့ မတော်တဆ အနာရင်းလာရင်လဲ မကောင်းဘူးတဲ့။ ဒါနဲ့ ကျွန်တော် လည်ပင်းကို မခွဲဖြစ်လိုက်ဘူး။

ရင်ကျပ်ရောဂါ သံသရာဝဲသြဃမှာ နစ်မျောနေရပါတယ်။

ကြုံကြိုက်လိုက်တဲ့ သာကေတစ်ခုက ပျဉ်းမနားမှာပါ။ ဧည့်သည်ဖြစ်တဲ့ အသက် ၈၀ ကျော်လောက်ပုဂ္ဂိုလ်ကြီးဟာ ကြည့်ရတာ အသက် ၅၀ လောက်ပဲ ထင်ရတယ်။ ပြီးတော့ သန်သန်မာမာ ထွားထွားကျိုင်းကျိုင်း အိမ်ပေါ်တက်သွားတာ လူငယ်တစ်ယောက်အလား ပေါ့ပါးနေတယ်။ ဒါနဲ့ စုံစမ်းကြည့်လိုက်တော့ ကျွန်တော့်တူမက ပြောပြတယ်။ ဒီဦးလေးကြီးဟာ လေ့ကျင့်ခန်းကို ပုံမှန်ကျင့်လာတာ. . . တဲ့။ ဒါနဲ့ ဦးလေးလိုချင်ရင် သင်ပေးမယ်ပြောလို့ ကျွန်တော့်တူမဆီမှာ လေ့ကျင့်ခန်းကို ကျွန်တော် သင်ခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး ရင်ကျပ်ရောဂါဝေဒနာကို ပျောက်ချင်တဲ့ အာသီသနဲ့ ဆက်တိုက်လေ့ကျင့်လိုက်တာ ခြောက်လအတွင်းမှာ ရင်ကျပ်တာ ကျဲတဲတဲဖြစ်လာတယ်။ ဆက်တိုက် သုံးနှစ်လုံးလုံး လေ့ကျင့်လိုက်တော့ ရင်ကျပ်ရောဂါသက်သာသွားတယ်။ အရင်ကထက် အများကြီး တိုးတက်လာတယ်။ အမိုင်နိုဆေးမသွင်းရတော့ဘူး။ တစ်နှစ်တစ်ကြိမ် ပုံမှန်အဖြစ် ဆေးရုံကိုတက်ပြီး မကုသရတော့ဘူး။ ရင်ကျပ်တာနဲ့အတူ ပူးတွဲပါလာတဲ့ လက်ဝဲဘက်ကျောပြင် အမြဲအောင့်နေတာ၊ ရာသီဥတု အဆင်မသင့်ရင် ဟတ်ချိုးဟတ်ချိုးနဲ့ အကြိမ်ကြိမ် နှာမွှန်တတ်တာ၊ တစ်သမတ်တည်း ခြေဖျားလက်ဖျား အေးပြီးခန္ဓာကိုယ်တွင်းက ချစ်ချစ်တောက်ပူနေတတ်တာ၊မကြာမကြာ ဖျားတတ်တာ (ကျွန်တော့် သူငယ်ချင်းတွေကတော့ မီးယပ်ပိန် မီးယပ်ချမ်းထတာလို့ ပြောကြပါရဲ့။. . . ယောက်ျားစင်စစ်က . .)။ ဒါတွေအားလုံး အခုချိန်မှာ မဖြစ်တော့ဘူး။ အခုဆိုရင် သွေးလှည့်ပတ်တာ မှန်လို့ လက်ဖျားခြေဖျား ပူနွေးနေပါတယ်၊ ခန္ဓာကိုယ်လည်း အရင်ကလို ချစ်ချစ်တောက် မပူတော့ဘူး။ အရိုးပေါ် အရေတင်တဲ့ ခန္ဓာကိုယ်လည်း ပုံမှန်အတိုင်းဖြစ်လာတယ်။ အခုထိ လေ့ကျင့်စဉ်ကို ကျင့်ဆောင်လျက်ပါ။ ရုံးအပြန် ညနေပိုင်း လေ့ကျင့်စဉ်အတွက် အချိန် ၁ နာရီလောက်တော့ ပေးရပါတယ်။ ဒီတော့ ရင်ကျပ်ရောဂါနဲ့အတူ ဒီအဆွယ်အပွားရောဂါတွေအားလုံး ဒီကနေ့အထိ တစ်ခုမှ မဖြစ်တော့ပါ။ အများက ပြောကြတဲ့ အရိုးကျီးပေါင်းတက် ရောဂါလည်း ကင်းရှင်းပါတယ်။

ဆရာဝန်ကြီးများ အဆိုအမိန့်အရ ရင်ကျပ်ရောဂါဟာ မတည့်တာတစ်ခုခုနဲ့ သွားတိုးမိရင် (အစားအသောက်၊ ရေချိုးမှား၊ ပြင်းထန်တဲ့အပူအအေး၊ အနံ့အသက်. . . စတာတွေ) ဆတ်တောက်ခြင်း (Allergy)ဖြစ်ရာက ရင်ကျပ်တယ်လို့ သိရပါတယ်။

ဆေးမြီးတိုအဖြစ် ဆေးတစ်မျိုးမျိုးကို စွဲစွဲမြဲမြဲစားရင် အချို့များ ရင်ဘတ်က အိတ်လိုက်ကျွတ်ထွက်လာပြီး ရင်ကျပ်ရောဂါဟာ အမြစ်ပါမကျန် ပျောက်တယ်ဆိုတာ. . မစားရဝခမန်း ပြောကြပေမယ့် ကျွန်တော့်ကိုယ်တွေ့အရတော့ ဒီစကားမမှန်ပါ။ တီဘီရောဂါဖြစ်တာ ပိုးကြောင့်ဖြစ်လို့ ပိုးသတ်ဆေးပါတဲ့ ထိုးဆေး၊ စားဆေးကို ဆရာဝန်ညွှန်ကြားတဲ့အတိုင်း အချိန်အတော်ကြာ မှီဝဲလိုက်ရင် တီဘီပိုးတွေသေသွားလို့ တီဘီရောဂါပျောက်ကင်းတယ်ဆိုတာ မှန်ပါတယ်။ ရင်ကျပ်ရောဂါဟာ တီဘီတို့လို ပိုးကြောင့်ဖြစ်တာ မဟုတ်လေတော့ ဆတ်တောက်ခြင်း (Allergy)ကို ပျောက်အောင်ပယ်သတ်ဖို့ မလွယ်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ကိုယ်ခံစွမ်းအား ကောင်းအောင်သာ နေဖို့လိုမယ် ဖြစ်ပါတယ်။

နိစ္စဓူဝလုပ်လာတဲ့ လေ့ကျင့်ခန်း အကျိုးတရားကြောင့် ကိုယ်ခံစွမ်းအား ကောင်းလာလို့အပြင်းအထန် ကျွန်တော့်ကို နှိပ်စက်ခဲ့တဲ့ ရင်ကျပ်ရောဂါဟာ ကျွန်တော့်ဆီကို အလည်အပတ်အဖြစ် ယောင်လို့များတောင် မလာဝံ့တော့ပါ။

ရွှေခိုင်သိန်း (ဘဏ်)

တစ်ဧကတင်း ၂၀၀ ကျော်ထွက်မည့် အရည်အသွေးကောင်း စပ်မျိုးစပါး ထုတ်လုပ်ဖြန့်ဖြူး

ရန်ကုန် မေ ၁၅

တစ်ဧက ပျမ်းမျှတင်း ၁၀၀ ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်စပါးများ ပြောင်းလဲအသုံးပြုရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လိုက်နာအသုံးပြုရေး၊ သွင်းအားစုများ အမျိုးအစားမှန်ကန်စွာ အသုံးပြုရေးနှင့် အလေအလွင့်နည်းရေး၊ နိုင်ငံတော်၏ စပါးထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် စပ်မျိုးစပါး F1 မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးသွားနိုင်ရေးကိစ္စများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဆန်စပါးစိုက်ပျိုးရေး ဧကတစ်သောင်း အထူးဇုန်ရှိ ဒဂုံအင်တာနေရှင်နယ် လီမိတက်ရှင်းလင်းဆောင်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် တာဝန်ရှိသူများအား မှာကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေကလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန်စပါးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးကိစ္စများကို မှာကြားသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိမည့် အရည်အသွေးကောင်း စပ်မျိုးစပါး F1 ထုတ်လုပ်မည့် အစီအစဉ်များ၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄)ချက်ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် တစ်ဧကတင်း ၁၀၀ အထက်ရရှိမည့် အခြေအနေများ၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်သည် တိုက်ရိုက်အစေ့ချနှင့် ကြဲခြင်းစနစ်ထက် တစ်ဧကအထွက် တင်း ၂၀ မှ ၃၀ အထိ ပိုမိုထွက်ရှိပြီး စီးပွားရေး တွက်ခြေကိုက်သည့်အခြေအနေများ၊ အထူးဇုန်အတွင်း ရေရရှိရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီး ဦးမြင့်လှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် အထူးဇုန်၌ တစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိသော စပါးစိုက်ခင်းကြီးများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းသို့ ကြည့်ရှုအားပေးရာတွင် စိုက်ခင်းတာဝန်ခံ ဦးကျော်မြင့်နှင့် ဦးစိုးဝင်းတို့က တစ်ဆက်တစ်စပ်တည်း အောင်မြင်လျက်ရှိသော ဧက ၁၀၀ စိုက်ခင်းအတွင်း တစ်ဧကလျှင် စပါးအစို ၂၆၁ တင်း ထွက်ရှိနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ရိတ်သိမ်းချိန်တွင် အလေအလွင့်မရှိအောင် တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းသွားရန်နှင့် ဒေသခံလယ်သမားများအားလည်း တစ်ဧက အထွက်နှုန်းတိုးစေရေး ဖြည့်ဆည်းပေးကြရန် မှာကြားသည်။

ယင်းနောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော တင်း ၁၀၀ အထက် ထွက်လျက်ရှိသည့် စပါးခင်း၌ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် တလင်းပျောက်စနစ် ရိတ်သိမ်းနေမှုများကိုလည်းကောင်း၊ ငမိုးရိပ်ချောင်းရေထိန်းတံခါး တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

သကြ်န်ပွဲ

✤ မြန်မာ့သကြ်န်ရက်မြတ်ထူး
မောင်မယ်ရွှင်ပျော်မြူး။

✤ နွေဦးရောက်လို့ ဥဩသာ
နှစ်သစ်မင်္ဂလာ။

✤ သက်ကြီးဆရာကန်တော့ရ
နွားငါးသက်လွှတ်လ။

✤ လှူကြတန်းကြ မုန့်မျိုးစုံ
မြန်မာ့ရိုးရာဂုဏ်။

✤ နံ့သာစုံနှင့် ရေလှူပေး
အတာရေစင်အေး။

✤ ပျော်ရွှင်တေးနဲ့ နှစ်ကူးချိန်
ပိတောက်ဝင်းလို့ထိန်။

✤ နွေဂိမှာန်မှာ ရေစင်ဖျန်း
ဥပုသ်သီလလွှမ်း။ ။

အမေ့သားဝင်းမောင်

မြန်မာ့ ယဉ်ကျေးမှုသကြ်န်

✽ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။

✽ သရုပ်ပျက် ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။

✽ အမျိုးဂုဏ် ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သကြ်န်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြ်န်ပွဲတော် ပျော်ရွှင်စွာနွှဲပျော်

နေပြည်တော် မေ ၁၅

၁၃၇၂ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြ်န်ပွဲတော်ကို ဧပြီ ၁၄ ရက် (သကြ်န်အကျနေ့) နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမအနီး ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ထားဝယ်ရိုးရာယိမ်းအဖွဲ့၊ Blue Sky တေးဂီတအဖွဲ့၊ ဗဟိုမဏ္ဍပ် ဧည့်ခံဖျော်ဖြေရေးအဖွဲ့နှင့် ကရင်ဒုံးယိမ်းအဖွဲ့တို့က တေးသံသာများ၊ ယိမ်းအကနှင့် ရိုးရာအကတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်နှင့် ဇနီးဒေါ်ခင်ပြုံးဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧည့်ခံဖျော်ဖြေသောအဖွဲ့များအား ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထားဝယ်တပ်နယ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ ဧည့်ခံရေးမဏ္ဍပ်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ရေသဘင်ပွဲ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် ကရင်ဒုံးယိမ်းအဖွဲ့အား ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဂန့်ဂေါမြို့နယ် သကြ်န်ဗဟိုမဏ္ဍပ် ဖွင့်လှစ်

ဂန့်ဂေါ မေ ၁၅

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြန်မာ့ရိုးရာ သကြ်န်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ရက် ညနေ ၆ နာရီတွင် ဗိုလ်ချုပ်လမ်းနှင့် ကံ့ကော်ရိပ်သာလမ်းထောင့်ရှိ အဆိုပါမဏ္ဍပ်၌ကျင်းပရာ ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုမဏ္ဍပ် သကြ်န်ယိမ်းအဖွဲ့က မြူမှောင်ဝေကင်း သီချင်းဖြင့်လည်းကောင်း၊ ပြိုင်ပွဲဝင်မည့်ယိမ်းအဖွဲ့ ၁၅ ဖွဲ့ တို့က မန်းတောင်ရိပ်ခိုသီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြကြောင်း သိရသည်။ (၄၆၅)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

ဆိုးလ်မြို့ တစ်နေရာမှ ကန်တုန်ဝန်နှင့် ဆောင်းဟေကျို။

ပြုံးပျော်နေသည့် ကန်တုန်ဝန်နှင့် ဆောင်းဟေကျို

ဆိုလ်း မေ ၁၅

ကိုရီးယားမင်းသား ကန်တုန်ဝန်နှင့် မင်းသမီးချောဆောင်းဟေကျို့တို့ကို အပြုံးပန်းများ ကိုယ်စီပန်ဆင်လျက် ပျော်ရွှင်ကြည်နူးနေသည်ကို တွေ့ရသည်။ ၎င်းတို့နှစ်ဦးသည် ဆိုလ်းမြို့တော် လမ်းဘေးဈေးဆိုင်တစ်ဆိုင်တွင် ပစ္စည်းတစ်ခုကို စိတ်ဝင်တစားကြည့်ရှုလေ့လာနေစဉ် မင်းသမီးချောဆောင်းဟေကျို့မှာ လိမ္မော်ရောင် ရင်ကွဲသိုးမွေးလက်ရှည်အင်္ကျီနှင့် အစိမ်းရောင်လည်စည်းကို ဆင်မြန်းလျက် ငယ်ရွယ်နုပျိုသည့် မိန်းကလေးငယ်တစ်ယောက်ပမာ လှသွေးကြွယ်နေသည်။ ယင်းဝတ်စုံမှာ လွန်ခဲ့သည့်နှစ်က သူမနှင့် ကန်တုန်ဝန်တို့ တွဲဖက်သရုပ်ဆောင်ရိုက်ကူးထားသည့် အချစ်များရောင်းရန်ရှိသည် (Love for Sale) ရုပ်ရှင်ဇာတ်ဝင်ခန်းတစ်ခန်းမှ ဝတ်စုံဒီဇိုင်းဖြစ်သည်။

အင်တာနက်အသုံးပြုသူများနှင့် ၎င်းတို့၏ ပရိသတ်များက စစ်မှုထမ်းတာဝန်ပြီးဆုံးသွားသည့် ကန်တုန်ဝန်ကို တွေ့ရသည်မှာ အလွန်ဝမ်းသာကြည်နူးမိကြောင်းနှင့် အချစ်များရောင်းရန်ရှိသည် ဇာတ်ကား ထုတ်လွှင့်ပြသသည့်အခါတွင်လည်း ရှေ့သွားနောက်လိုက်ညီသည့် ၎င်းတို့နှစ်ဦးကို ထပ်မံမြင်တွေ့ရဦးမည်ဟု ဝေဖန်ပြောဆိုနေကြသည်။ ***အင်တာနက်။***

ပီးပဲလ်မဂ္ဂဇင်းက ၂၀၁၁ ခုနှစ်၏ အလှဆုံးအမျိုးသမီးအဖြစ် ဂျနီဖာလိုပက်ဇ်ကို ရွေးချယ်

လော့အိန်ဂျလိစ် မေ ၁၅

၂၀၁၁ ခုနှစ်၏ ကမ္ဘာ့အလှဆုံး အမျိုးသမီး ဂျနီဖာလိုပက်ဇ်။

အသက် (၄၁)နှစ်ရှိပြီဖြစ်သည့် အမေရိကန်တို့၏ သည်းခြေကြိုက် သရုပ်ဆောင်၊ အဆိုတော် ဂျနီဖာလိုပက်ဇ်သည် ယခုအခါ နောက်ထပ်ဂုဏ်ထူးဝိသေသတစ်ခုဖြစ်သည့် ၂၀၁၁ ခုနှစ်၏ ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ပီးပဲလ်မဂ္ဂဇင်း၏ရွေးချယ် ခြင်း ခံခဲ့ရသည်။

ဂျနီဖာလိုပက်ဇ်က သူမ၏ဂုဏ်ပြုပွဲ အခမ်းအနား၌ ပြောကြားရာတွင် "ရှားရှားပါးပါး ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင်မသိတော့ပါဘူး။ ဒါပေမယ့် ကျွန်မ အရမ်းဝမ်းသာကြည်နူးဂုဏ်ယူမိပါတယ်။ ကျွန်မဂုဏ်ယူမိတာက ကျွန်မအသက်က (၂၅)နှစ်အရွယ်မှ မဟုတ်တော့တာ" ဟု ဝင့်ကြွားစွာ ပြောဆိုသည်။

ဂျနီဖာလိုပက်ဇ်က သူမ၏ အသက်(၂၀)အရွယ်နှင့် အသက်(၄၀)အရွယ်ကို နှိုင်းယှဉ်ပြောကြားရာတွင် ယခုအသက်(၄၀)အရွယ်က သူမအတွက် ပိုမိုကောင်းမွန်သည့် နေရာတစ်ခုကို ရရှိလာပြီဟု ဆိုသည်။ ***အင်တာနက်။***

ဂျိန်းစဘွန်းဇာတ်ကားများအတွက် ဆိုနီကုမ္ပဏီစာချုပ်သစ်ချုပ်ဆို

လော့အိန်ဂျလိစ် မေ ၁၅

ဂျိန်းစဘွန်းဇာတ်ကားများထဲမှ နောက်ဆုံးရိုက်ကူးခဲ့သည့် သည်းထိတ်ရင်ဖိုစွန့်စားကား နှစ်ကားကိုဖြန့်ချိခဲ့သည့် ကုမ္ပဏီနှင့်ပင် ဆက်လက်ပူးပေါင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ရုံတင်မည့် ဂျိန်းစဘွန်းမင်းသား ဒင်နီယယ်ခရိုက်၏ တတိယမြောက်ကား၊ ဂျိန်းစဘွန်းဇာတ်ကား ၂၃ ကားမြောက်ကို ဖြန့်ချိရန် မက်ထရိုဂိုးဝင်းမေယာ (MGM)ကုမ္ပဏီနှင့် အသေးစိတ်စာချုပ် ချုပ်ဆိုခဲ့သည်။ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ချက်အရ ဂျိန်းစဘွန်းဇာတ်ကား ၂၄ ကားမြောက်ကိုလည်း ယင်းကုမ္ပဏီနှင့်ပင် ဆက်လက်ဖြန့်ချိမည်ဟု မျှော်လင့်ရသည်။

ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီသည် ဂျိန်းစဘွန်းမင်းသား ဒင်နီယယ်ခရိုက်၏ Casino Royale နှင့် Quantum of Solace ဇာတ်ကားနှစ်ကား ဖြန့်ချိစဉ်က MGM ၏ ဖြန့်ချိရေးပိုင်းတွင်း တစ်စိတ်တစ်ပိုင်း ပါဝင်ခဲ့သည်။ သို့သော်လည်း ဂျိန်းစဘွန်းဇာတ်ကားများ၏ ဖြန့်ချိရေးမူပိုင်ခွင့်ကို MGM ကုမ္ပဏီက ဘဏ္ဍာရေးအကျပ်အတည်းမှ ပြန်လည်နာလန်ထူလာသည့်တိုင်အောင် ချုပ်ကိုင်ထားမည်ဖြစ်သည်။

ဂျိန်းစဘွန်းဇာတ်ကားများ ဖြန့်ချိရေးနှင့်ပတ်သက်၍ MGM ကုမ္ပဏီ၏ နိုင်ငံခြားတိုက်ရိုက်ဖြန့်ချိမှုမှလွဲ၍ ကမ္ဘာတစ်ဝန်းသို့ ဆိုနီကုမ္ပဏီက ဖြန့်ချိခွင့်ရမည် ဖြစ်သည်။

အင်တာနက်။

အောဝမ်းစိုး

SSA(ရှက်ဆစ်)အဖွဲ့က လက်နက်များဖြင့် ပစ်ခတ်မှုကြောင့် ကွန်ဟိန်းမြို့နယ် ကာလိမြို့နယ်ခွဲ၌ အပြစ်မဲ့ ပြည်သူ တစ်ဦးသေဆုံး ငါးဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၁၅

SSA(ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအား အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းများ စဉ်ဆက်မပြတ် ကျူးလွန်လျက်ရှိသည်။

SSA (ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဧပြီ ၄ ရက်နှင့် ၁၂ ရက်တို့တွင် လက်နက်များဖြင့် ပစ်ခတ်မှုကြောင့် ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ကာလိမြို့နယ်ခွဲ၌ တစ်ဦးသေဆုံးပြီး ကိုရင်တစ်ပါး အပါအဝင် ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရသည်။

ဧပြီ ၄ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် SSA (ရှက်ဆစ်)အဖွဲ့က ပစ်ခတ်ခဲ့သည့် (၄၀)မမ ဗုံးသီးကျရောက်ပေါက်ကွဲခဲ့သဖြင့် ဦးအုန်းငွေ (၄၂)နှစ် သေဆုံးပြီး ကိုတင်မောင်မြင့်၊ ကိုဖိုးထူး၊ ကိုဖြိုးနှင့် ကိုစိုးမင်းသိန်းတို့ လေးဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ ဧပြီ ၁၂ ရက် ည ၉ နာရီကျော်ခန့်တွင် ယင်းအဖွဲ့က ပစ်ခတ်ခဲ့သည့် လက်နက်ငယ်ကျည်နှင့် (၄၀)မမ ဗုံးသီးများ ကျရောက် ပေါက်ကွဲခဲ့သဖြင့် ကိုရင် ကဝိရ (၁၈)နှစ် ထပ်မံ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဒေသခံပြည်သူများအနေဖြင့် SSA(ရှက်ဆစ်) အဖွဲ့အား ချေမှုန်းနိုင်ရေးအတွက် မိမိတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းပေးခြင်းများ ပိုမိုပြုလုပ်လာကြောင်း သိရှိရသည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲမှသည် စာဝက်ပါထဲ တဝဲလည်လည်

မောင်မောင်ထွေး(သတင်းစဉ်)

ပဥ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၀)စာပေဆုချီးမြှင့်ပွဲသို့ လုပ်ငန်းတာဝန်ဖြင့် တက်ရောက်ခွင့်ရခဲ့သည်။ ထွန်းဖောင်ဒေးရှင်းကဆောင်ရွက်လျက်ရှိသည့် စာပေဆုချီးမြှင့်ပွဲသာမက ထွန်းဖောင်ဒေးရှင်း ပန်းချီပြိုင်ပွဲဆုချီးမြှင့်ပွဲများကိုပါ နှစ်စဉ်နီးပါး တက်ရောက်ခွင့်ရရှိနေခြင်းကလည်း စာပေနှင့်ယဉ်ကျေးမှုကို ဝါသနာပါသည့် ကျွန်တော့်အတွက် ဆုထူးဆုလာဘ်တစ်ပါးပင်။

ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီသည် "ပြည်သူတို့အတွင်း တစ်သက်တာပညာရေး လိုက်စားမှု (Lifelong Education) ကို ထောက်ကူသောအားဖြင့် ဖတ်ရှုထိုက်သော စာကောင်းပေမွန်များ ပေါ်ထွက်ရေးကို အားပေးရန်၊ ထိုသို့အများအကျိုးပြု စာကောင်းပေမွန်များ ပေါ်ထွက်လာစေရေးတွင် အရင်းမူလဖြစ်သော စာပေရေးသားသူများအား စာပေလေ့လာရေးသားနိုင်မှု အဆင်ပြေရေးအတွက် အားပေးရန်၊ ဆုရရှိသော နှစ်စဉ်ထုတ်စာအုပ်များ ပါဝင်ယှဉ်ပြိုင်သော ဆုရစာမူများကို စာဖတ်ပရိသတ်လက်သို့ ရောက်ရှိရေးအတွက် တတ်နိုင်သည့်နည်းဖြင့် ကူညီအားပေးရန် ရည်ရွယ်ချက်များနှင့်အညီ ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့သည်။

ဆုရစာအုပ်နှင့်စာမူများကို တစ်ဆုလျှင် ငွေကျပ်သုံးသိန်း သတ်မှတ်ချီးမြှင့်ပေးပြီး ဆုရစာအုပ်များအတွက်မူ စာရေးသူ၏ အားထုတ်ရေးသားထုတ်ဝေမှုကို အသိအမှတ်ပြုသောအားဖြင့် ထွန်းဖောင်ဒေးရှင်း တံဆိပ်ပါသော သီးခြားရွှေတံဆိပ်ဆုကို ပူးတွဲချီးမြှင့်ပေးကြောင်းသိရ၏။

ပဥ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၀) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တစ်သက်တာစာပေဆုနှင့် မြန်မာစာအုပ်ဆု ရှစ်ဆု၊ မြန်မာစာမူဆု ခြောက်ဆု၊ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဆုတစ်ဆုနှင့် စာမူဆုတစ်ဆု စုစုပေါင်း ၁၇ ဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းသို့ချီးမြှင့်နိုင်ရေးအတွက် ထွန်းဖောင်ဒေးရှင်း စာပေဆု ရွေးချယ်ရေးကော်မတီသည် မြန်မာဘာသာဖြင့် ရေးသားသည့် စာအုပ် ၄၃ အုပ်အပါအဝင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားသည့် စာအုပ်များ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့်ရေးသားသည့် စာမူများကို ဖတ်ရှုခဲ့ကြသည်။

ထို့ပြင် ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီသည် မြန်မာ့စာပေလောကဖွံ့ဖြိုးရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပြီး သတ်မှတ်ထားသော တစ်သက်တာစာပေဆု စည်းကမ်းများနှင့်အညီ ကိုက်ညီသည့် စာရေးဆရာကြီးတစ်ဦးကို စတုတ္ထအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၉) စာပေဆုချီးမြှင့်ပွဲ အခမ်းအနားမှစတင်၍ ချီးမြှင့်ပေးအပ်ရာ ၂၀၀၉ ခုနှစ် ဇွန် ၂ ရက်တွင် ကွယ်လွန်သွားခဲ့သော စာရေးဆရာကြီး ဦးမျိုးသန့်(မောင်ဆုရှင်)က ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုကို စတင်၍ ဆွတ်ခူးရရှိခဲ့သည်။

ယခုပဥ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၁၀) စာပေဆုချီးမြှင့်ပွဲတွင်မူ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုကို ဆရာကြီးဦးလှမြိုင်(ကိုဆောင်း)က ဆွတ်ခူးရရှိခဲ့ပေသည်။

သို့ဖြစ်ရကား မြန်မာ့စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းလာရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူပေးလျက်ရှိသည့် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီကို ကျွန်တော်တို့ စာဖတ်ပရိသတ်များက အထူးပင် ကျေးဇူးတင်ရပါ၏။

တိုက်တိုက်ဆိုင်ဆိုင် ယခုရက်ပိုင်းအတွင်း ကျွန်တော်ဖတ်ရှုနေသည့် စာအုပ်မှာလည်း စတုတ္ထအကြိမ် ထွန်းဖောင်ဒေးရှင်း(၂၀၀၉) စာပေဆုချီးမြှင့်ပွဲတွင် ဆုရဆရာရဲမြလွင်၏ 'သေမင်းနှင့် လက်တစ်ကမ်းအလို' ဘာသာပြန်စာအုပ်ပင် ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက စစ်မှုထမ်းတာဝန်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ဂျပန်စစ်သည်တစ်ဦး၏ စစ်အတွင်း အနိဋ္ဌာရုံမြင်ကွင်းစုံကို မှတ်တမ်းတင်ရေးသားထားသော စာအုပ်ဖြစ်၍ လက်ကမချချင်အောင် ဖြစ်ရသည်။

ဇာတ်သိမ်းပိုင်းတွင် မူရင်းစာရေးဆရာ မစ္စတာအိုးတာအတ်စုမိက မိတ္ထီလာမြို့ သံ့ပန်းစခန်းတွင်နေခဲ့ရသည့် အတွေ့အကြုံများအနက် "မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသည့်အတွက် လူတိုင်းလူတိုင်းတွင် ကောင်းမြတ်သောစိတ်ထားများရှိကြပါသည်။ တစ်ခါတုန်းက ကျွန်တော်တို့သည် စခန်းနှင့်အတော်ဝေးကွာသော အရပ်သို့သွားကာ အလုပ်လုပ်ရန် ထရပ်ကားကြီးတစ်စီးဖြင့် ထွက်ခွာလာခဲ့ကြရပါသည်။ ကားမောင်းသူက ရွာတစ်ရွာသို့ ရောက်သောအခါ ခေတ္တရပ်နားရန်အတွက် ကားကြီးကိုထိုးဆိုက်လိုက်ပါသည်။ ထိုအခါ ရွာထဲမှ လူအများ စုပြုံရောက်ရှိလာကြပြီး ကျွန်တော်တို့ကို ရေတိုက်သူကတိုက်၊ ဆေးလိပ်နှင့် ငှက်ပျောသီး၊ သရက်သီးများကို ပေးကြပါသည်။

နီပွန်စစ်သားလေးတွေ သနားပါတယ်ဟယ်ဟုဆိုကာ အဒေါ်ကြီးများက ထမင်းထုပ်များလာဝေကြပါသည်။ အစောင့်စစ်သားများက သေနတ်ကြီးများကို ကိုင်ဆောင်ကာ စောင့်ကြပ်နေကြသည်ကိုပင် မမှုနိုင်ဘဲ ရက်ရက်ရောရော ပေးကမ်းလာကြပါသည်"။

"ကျွန်တော်တို့စစ်ရှုံးပြီး အရေးနိမ့်ခဲ့စဉ်က သူတို့ရွာထဲသို့ ဝင်ရောက်လုယက်တိုက်ခိုက်ကာ အမျိုးမျိုးဒုက္ခပေးခဲ့သည်များကို မြန်မာလူမျိုးများက လုံးဝမေ့ပစ်ကြပြီး ဆွေမျိုးသားရင်းများပမာ ကြင်ကြင်နာနာ လာရောက်ကူညီကြသည်ကို တွေ့ရသောအခါ ကျွန်တော်တို့ရင်ထဲတွင် တုန်လှုပ်သွားခဲ့ကြရပါတော့သည်။ ဒုက္ခရောက်နေစဉ်အတွင်း လာရောက်ကူညီကြသော မြန်မာလူမျိုးများ၏ ကျေးဇူးတရားကို ကျွန်တော်တို့ တစ်သက်တွင် လုံးဝမေ့ပျောက်နိုင်တော့မည်မဟုတ်ပါ။ နောက်နောင် အခွင့်သာသည့်အခါမျိုးတွင် သူတို့၏ ကျေးဇူးတရားကို ပြန်ဆပ်ရပါလိမ့်မည်။ မြန်မာနိုင်ငံတစ်ခုလုံး အလျှင်အမြန် ဖွံ့ဖြိုးတိုးတက်ကာ ပြည်သူပြည်သားအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း အမြဲပင် ဆုတောင်းနေရပါတော့သည်"ဟူသည့် အကြောင်းအရာများကို ဖတ်ရှုရသည့်အခိုက်ဝယ် ကျွန်တော်တို့၏ နှလုံးသားသည်လည်း တုန်လှုပ်ခဲ့ရပါသည်။

အဆိုပါစာအုပ်ကို ဖတ်ရှုပြီးသည့်နောက်ဝယ် ရဲဘော်မြ၏ "ဖက်ဆစ်တော်လှန်ရေးပြည်သူ့ရဲခေါင် ပြောက်ကျား"၊ လင်းယုန်မောင်မောင်၏ "ပုလဲဆိပ်ကမ်းတစ်နေ့တာမှတ်တမ်း"၊ ထွန်းသစ်၏"တိုက်တိုင်းအောင် ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီးများ"၊ သခင်တင်မြ၏ "ဘုံဘဝမှာဖြင့်"၊ မျှးသမိန်၏ "ဘုံဘဝကြုံတွေ့ရဇာတ်လမ်းများ"စသည့် သမိုင်းဆက်ထုံးများကို စာပေပန်းဥယျာဉ်ကြီးအတွင်း ဝင်ရောက်၍ ဆက်စပ်သီကုံးကြည့်မိပါတော့သည်။

အလားတူ ပဥ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း ၂၀၁၀ စာပေဆုချီးမြှင့်ပွဲတွင်လည်း ယဉ်ကျေးမှုဘာသာရပ်၌ ဆုရပီကင်းပြန်ဝင်းကို(အင်းဝ)၏ "မြန်မာ့ရိုးရာခြင်းလုံးအားကစားအကြောင်း သိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့် ခြင်းလုံးခတ်လေ့ကျင့်နည်းများ" စာအုပ်ကို စာမြည်းအဖြစ် ဖတ်ရှုမိသည့်အခိုက်တွင်လည်း ၁၉၉၇ ခုနှစ်နှင့် ကျော်လွန်နှစ်များအတွင်းက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည့် အားကစားဂျာနယ်ကို ပြန်လည်၍ အမှတ်ရမိပါသည်။ ထိုစဉ်က အားကစားဂျာနယ်မှာ မြန်မာ့အားကစားကိုသာ ဦးစားပေးဖော်ပြ၍ အားကစားသတင်းဦး၊ သတင်းထူးများရရှိရေးအတွက် အဖွဲ့ချုပ်အသီးသီးသို့ အိမ်ဦးနှင့်ကြမ်းပြင်ပမာ ဝင်ထွက်ခဲ့ကြရ၏။

ကျွန်တော်က ဘောလုံးကို အဓိကထားရေးသည်။ သို့သော် အခြားအားကစားနည်းများကိုလည်း ရံဖန်ရံခါ ဝင်ရောက်အားဖြည့်ရေးသားရ၏။ ခြင်းလုံးအားကစားနည်းအကြောင်းကိုမူ ပင်တိုင်ဆောင်းပါးရှင် ဆရာအထောက်အဆယ် အောင်ကြွယ်ရှိ၍ လက်ရှောင်နေရသော်လည်း အနည်းငယ်မျှတီးခေါက်လေ့လာခဲ့ရသေး၏။ မှတ်မိသမျှ ပြန်လည်ကလောင်သွေးရပါမူ ရန်ကုန်သို့ လက်ဝှေ့နည်းပြဆရာအဖြစ် ခေတ္တတာဝန်ယူရန် လာရောက်ခဲ့သော ဂျိုးဇက်ဘရောင်းက မြန်မာ့ခြင်းပွဲကို ပထမအကြိမ် ကြည့်ရှုရသည့်အခိုက်ဝယ်" ခြင်းလုံးဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးအပန်းဖြေ အားကစားနည်းပါ"ဟု မှတ်ချက်ချခဲ့ဖူး၏။

ခြင်းလုံးအားကစားနည်းမှာ မြန်မာတို့၏ ရိုးရာအားကစားနည်းတစ်ရပ်ဖြစ်သည်။ သရေခေတ္တရာမြို့ဟောင်းရှိ ဒွတ္တပေါင်မင်း တည်ထားခဲ့သော "ဘောဘောကြီး" စေတီတော်၏ ဌာပနာတိုက်တွင် ငွေသားစစ်စစ်ဖြင့် ပြုလုပ်ထားသော ခြင်းလုံးတစ်လုံးကို တွေ့ရှိရသဖြင့် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းရှိနေခဲ့ကြောင်း အထောက်အထား ပေါ်လွင်ခဲ့ပေသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ခြင်းပြိုင်ပွဲကိုမူ ဒုတိယကမ္ဘာစစ်မီးပွား မြန်မာနိုင်ငံသို့ ကူးစက်မလာသေးမီ ၁၉၄၀ ခုနှစ်က ဘီအေအေအားကစားကွင်း (ယခုအောင်ဆန်းကွင်း)၌ စည်းကမ်းတကျကျင်းပခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ်တွင် "ခြင်းခတ်ပြိုင်ပွဲစည်းမျဉ်း"များကို သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ဖူး၏။

ခြင်းခတ်နည်းကို အကြမ်းအားဖြင့် ခြင်းလေး၊ ခြင်းလတ်နှင့် ခြင်းကြီးဟူ၍ သုံးဆင့်ခွဲခြားထား၏။

ခြင်းလေးတွင် ထပ်ဒူး၊ ရှပ်ဒူး၊ ထပ်ခြေဖျား၊ ရှပ်ခြေဖျား၊ ထပ်ခြေခွင်၊ ထပ်ဖဝါး၊ ခွာဖနောင့်နှင့် ထပ်ခြေရိုက်ခတ်နည်းတို့ ပါဝင်ကာ ခြင်းကစားသူအနေဖြင့် ခြင်းလုံးကို တစ်ချိန်လုံးမြင်နိုင်၏။

ခြင်းလတ်တွင် ပတ်ဒူး၊ ပတ်ဖဝါး၊ ပတ်ဖနောင့်၊ ပတ်စလွယ်၊ ဖီလာဖဝါး၊ ဖီလာဖနောင့်၊ ဖီလာစလွယ်၊ ခေါင်းစလွယ်နှင့် မဟာန္ဓယ်ခတ်နည်းတို့ ပါဝင်ကာ ခြင်းကစားသူအနေဖြင့် ခြင်းလုံးကို နီးကပ်လာမှသာ မြင်နိုင်သောကြောင့် လျင်မြန်စွာ ကိုယ်ကိုလှည့်ပတ်၍ ခတ်နိုင်စွမ်းရှိသော အရည်အချင်းပြည့်ဝရန် လိုအပ်လှ၏။

ခြင်းကြီးတွင် မဟာညွှန့်ဒူး၊ မဟာကြီး၊ မဟာညွှန့်၊ တည့်ဖဝါး၊ တည့်ဖနောင့်၊ စလွယ်ကြီး၊ ဝိုက်ကြီး၊ ရင်လိမ်ဖဝါးနှင့် ရင်လိမ်ဖနောင့်ခတ်နည်းတို့ ပါဝင်ကာ ခြင်းကစားသူသည် ခြင်းလုံးကို မြင်ရခဲ၏။ မိမိထံရောက်လာမည့် ခြင်းလုံးကို ခန့်မှန်း၍သာ အလျဉ်းသင့်သလိုခတ်ရ၏။

ထိုကဲ့သို့ ခြင်းလုံးကို နည်းအမျိုးမျိုးခတ်ကြသော်လည်း ဒူး၊ ခြေဖမိုး၊ ခြေဖဝါး၊ ခြေဖနောင့်အတွင်း ခြေဘေး၊ အပြင်ခြေဘေး စသည့်အားဖြင့် ဘယ်၊ ညာနှစ်ရပ်ပေါင်း ၁၂ နေရာဖြင့်သာ ခတ်နိုင်၏။ ခေါင်း၊ ပခုံး၊ ကျောကုန်း၊ တင်ပါးဆစ်၊ တံတောင်၊ ဒူးခေါက်၊ ခြေသလုံးတို့ဖြင့် ထိန်းနိုင်ကြောင်း အကြမ်းဖျင်း လေ့လာခဲ့ဖူး၏။

လူတစ်ကိုယ်လုံး သွက်သွက်လက်လက် ပျော့ပျော့ပျောင်းပျောင်း လှုပ်ရှားမှုများ ပြုရခြင်းဖြစ်ရကား တစ်ကိုယ်လုံးရှိ အကြောအခြင်များပျော့ပြီး အညောင်းပြေစေ၍ ကျန်းမာရေးနှင့် ညီညွတ်စေ၏။ ပြိုင်ပွဲဝင် အလှပြခတ်လျှင်မူ ဇာတ်မင်းသားတစ်ဦး ကနေသည်နှင့်ပင် တူသေး၏ဟု လေ့လာမှတ်သားခဲ့ဖူး၏။

ဤသို့ဖြင့် ပဥ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း ၂၀၁၀ စာပေဆုချီးမြှင့်ပွဲကို အကြောင်းပြု၍ ကျွန်တော်တစ်ယောက် စာတော ပေတော စာဝက်ပါထဲမှ ရုန်းမထွက်နိုင်အောင် တဝဲလည်လည် ဖြစ်ရပါတော့သည်။ ။

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာဂုဏ်ရောင် အလင်းဆောင်

တောင်တွင်းကြီးမြို့နယ် ကသာကျေးရွာ မိတ်ဆွေစစ်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

တောင်တွင်းကြီး မေ ၁၅

တောင်တွင်းကြီးမြို့နယ် ကသာကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာအလှူရှင်များ ထည့်ဝင်ငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် မိတ်ဆွေစစ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်ငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ဒုတိယရဲမှူးကြီးတင်အေး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစု ရန်ကုန်မြို့က ငွေကျပ်တစ်သိန်း၊ တိုင်ကပ်နာရီတစ်လုံးနှင့် သုတရသစာအုပ်မျိုးစုံ ၃၄၄ အုပ်၊ ဦးအောင်အောင်နှင့်ဇနီး ဒေါ်ခင်မြတ်သက်လှိုင် မိသားစု ရန်ကုန်မြို့က သုတရသစာအုပ်မျိုးစုံ ၁၆၀၊ ဟသ်ာ(တောင်တွင်း)က ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် စာကြည့်တိုက် အဆောက်အအုံသစ်အား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖလမ်း၌ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

ဖလမ်း မေ ၁၅

နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းဆောက်လုပ်လှူဒါန်းသော ဖလမ်းမြို့နယ် ဗားလုံကျေးရွာ ကပ်ကျုံးနုံ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက်က အဆိုပါအဆောက်အအုံသစ်ရှေ့မှုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ လှူဒါန်းသော ငွေကျပ်၁၆၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၃၁၃ အုပ်တို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးထန်မှုန်းထံ ပေးအပ်သည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသည် ငွေကျပ်သိန်း ၃၀ အကုန်ကျခံကာ နိုင်ငံတော်နှင့် ပြည်သူစုပေါင်းလှူဒါန်းဆောက်လုပ်သော အလျား ၂၄ ပေ၊ အနံ ၁၈ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ သွပ်မိုး နှစ်ထပ်အဆောက်အအုံ ဖြစ်သည်။ (ခရိုင်ပြန်/ဆက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မလေးရှားနိုင်ငံ လန်ကာဝီမြို့ရှိ Awana Porto Mailai Hotel ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီးအတွက် ကြိုတင်ပြင်ဆင်မှုအစည်းအဝေးသို့ အခြားအာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အောက်တိုဘာလ၌ မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အစည်းအဝေးကြီးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အာဆီယံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံကိန်း (၂၀၀၈-၂၀၁၅)ကို လည်းကောင်း၊ အာဆီယံ+၃ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများ၏ လွှမ်းပရာဘန် ပူးတွဲကြေညာချက်အရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အမြင်ချင်းဖလှယ်

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ပူထရာဂျာရာရှိ မလေးရှားနိုင်ငံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်း၏ ဒုတိယအကြီးအကဲ Mdm. Dr. Datuk Farida Mohd All နှင့် တွေ့ဆုံကာ မြန်မာ-မလေးရှား နှစ်နိုင်ငံ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်းများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြပြီး အဖွဲ့ခေါင်းဆောင် ဦးကျော်သူနှင့်အတူ လိုက်ပါသွားကြသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအဖွဲ့မှူး ဦးကျော်စိုးတို့လည်း ပြန်လည် လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိုက် ပျိုး ရေး စွမ်း အား အ မြို့ မြို့ အ နယ် နယ် တစ် လွှား

❖ ကျောဖုံးမှ

မျိုးကောင်း မျိုးသန့်များကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် တောင်သူလယ်သမားကြီးများက ကွက်လပ်မချန် ရာသီအမီ စိုက်ပျိုးလုပ်ကိုင်ကြသည်။

ယခုနှစ် မတ်ပဲစိုက်ပျိုးရာတွင် ဖြူးမြို့နယ်၌ ရာသီဥတု မျှတကောင်းမွန်မှုကြောင့် တစ်ကြောင်း၊ မြေအစိုဓာတ်ကို ကြိုက်နှစ်သက်သည့် မတ်ပဲစိုက်ခင်းများ၏ အလိုကျ နိုဝင်ဘာလ၌ မိုးသုံးကြိမ်၊ ဇန်နဝါရီလတွင် မိုးနှစ်ကြိမ် ရွာသွန်းခဲ့သည့်အတွက် တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် မတ်ပဲခင်းများ အထူးဖြစ်ထွန်း အောင်မြင်ကြသည်ဟု သတင်းစကား ကြားသိရသည့်အတွက် စာရေးသူတို့ သတင်းအဖွဲ့ တပေါင်းလက ဖြူးမြို့နယ်အရှေ့ခြမ်း ဖြူးနှင့် ခြောက်မိုင်ခန့်အကွာ မတ်ပဲအများ ဆုံးစိုက်ပျိုးသည့် ငါးခေါင်းအင်းကျေးရွာသို့ သတင်းမှတ်တမ်းရယူရန် ခရီးထွက်ခဲ့သည်။

ယခုနှစ် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မိုးစပါး ၁၅၄၃၅၆ ဧက စိုက်ပျိုးခဲ့ပြီး နွေစပါးဧက ၉၃၀၀၊ ပဲတီစိမ်း ၈၅၄ ဧက၊ ပဲစင်းငုံ ၁၄၇ ဧက၊ ဆီထွက်သီးနှံနေကြာဧက ၂၃၉၀၀ စိုက်ပျိုးထားပြီး မတ်ပဲစိုက်ဧက ၉၉၃၃၂ ဧက စိုက်ပျိုးထားကြောင်း သိရှိရသည်။ မတ်ပဲအများဆုံး စိုက်ပျိုးသော နယ်မြေဒေသတစ်ခုဖြစ်သည့် ငါးခေါင်းအင်းကျေးရွာသို့ အရှေ့ရိုးမတောင်တန်းကြီးကို မျက်နှာမူ၍ ထွက်ခွာခဲ့ရာ ဖြူးမြို့ အရှေ့ဘက်အထွက် ဖြူး ဘိုးဘွားရိပ်သာ အလွန်မှစ၍ လယ်ကွင်းပြင်တစ်ခုလုံး နေရာလပ်မကျန် စိုက်ပျိုးထားသော မြသားကမ္ဗလာ ဖြန့်ခင်းထားသည့်နှယ် စိမ်းစိုလန်းဆန်းနေသော မတ်ပဲစိုက်ခင်းများကို မျက်စိတစ်ဆုံး တွေ့မြင်ခဲ့ရသည်မှာ နိုင်ငံအတွက် အားတက်စရာ မြင်ကွင်းပင်ဖြစ်သည်။

ငါးခေါင်းအင်းမြောက်ရွာသို့ ဆိုင်ကယ်ဖြင့် ရောက်ရှိခဲ့ရာ လယ်သမားကြီး ဦးအုန်း နေအိမ်သို့ မတ်ပဲ စိုက်ခင်းများအကြောင်း မေးမြန်းစပ်စုရန် ဝင်ရောက်ခဲ့ပါသည်။ လယ်သမားကြီး ဦးအုန်းက "ဒီနှစ်တော့ မတ်ပဲစိုက်ခင်းများ အထူး အောင်မြင်ဖြစ်ထွန်းကြောင်း၊ အထူးသဖြင့် မတ်ပဲသဘာဝက မြေအစိုဓာတ်ကို အထူးနှစ်သက်ကြောင်း၊ ယခု တန်ဆောင်မုန်းနှင့် နတ်တော်လများမှာ မိုးလေးငါးကြိမ်ရွာခဲ့တာကြောင့် ယခုလို မတ်ပဲစိုက်ခင်းများ အထူးဖြစ်ထွန်း အောင်မြင်နေသဖြင့် အထွက်နှုန်းကောင်းနေခြင်းဖြစ်ကြောင်း၊ မတ်ပဲစိုက်ခင်းများမှာ အသီးတွေ ဖြိုင်ဖြိုင်ဝေနေပြီဖြစ်လို့ တပို့တွဲလကုန် တပေါင်းလဆန်းလောက်က နုတ်သိမ်းခဲ့ရပြီး ဈေးကောင်းရကြောင်းနှင့် သူစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်း ရှစ်ဧကလုံးဖြစ်ထွန်းအောင်မြင်သဖြင့် နုတ်သိမ်းပြီးနောက် မတ်ပဲ တင်း ၁၆၀ ကျော်ထွက်လာသည်ကို ဝမ်းသာအားရ ရှင်းလင်းပြောပြပါသည်။

ယင်းနောက် ရှေ့မီနောက်မီ ငါးခေါင်းအင်းမြောက်ရွာမှ အသက် ၇၀ ကျော်အရွယ် လယ်သမားကြီး ဦးသိန်းမောင်အား ထပ်မံတွေ့ဆုံမေးမြန်းခဲ့ရာ လယ်သမားကြီး ဦးသိန်းမောင်က "အသက် ၁၆ နှစ်သားကပင် လယ်လုပ်ခဲ့ကြောင်း၊ ယခင်နှစ် ၃၀၊ ၄၀ လောက်က ဒီရွာတွေမှာ မတ်ပဲစိုက်ပျိုးရန် အလေ့အထမရှိကြကြောင်း၊ ယခင်က လယ်ရိတ်သိမ်းပြီးပါက မိမိအိမ် မိမိစားဖို့ ဆီထွက်သီးနှံ မြေပဲနှင့် အသင်းပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲနောက်များကို အနည်းအပါးသာ စိုက်ပျိုးကြပြီး အေးအေးသက်သာနေခဲ့ကြကြောင်း၊ ယခုမတ်ပဲစိုက်ပျိုးလာခဲ့ကြသည်မှာ နှစ် ၂၀ ခန့်သာရှိသေးကြောင်း၊ မတ်ပဲကိုသာ အများဆုံး စိုက်ပျိုးကြတော့ကြောင်း၊ မတ်ပဲများ စိုက်ပျိုးနုတ်သိမ်း၊ ရောင်းချပြီးမှ အိမ်အတွက် လိုအပ်သည့် ဆီနှင့် မီးဖိုချောင်သုံးပစ္စည်းများ ဝယ်ယူကြကြောင်း၊ မိမိလည်း လယ်ဧက ၂၀ မှာ မတ်ပဲကိုပင် စိုက်ပျိုးထားကြောင်း၊ ဒီနှစ် ရာသီဥတုက မတ်ပဲအကြိုက်မို့ လယ်သမား များအားလုံး မတ်ပဲအထွက်ကောင်းကြကြောင်း" ရှင်းလင်းပြောပြသည်။

အပြန်လမ်းမှာ ကျားသောင်ကျေးရွာအုပ်စု တောင်တဲစုရွာမှ လယ်သမားကြီး ဦးကျော်သိန်းကလည်း သူ၏ မတ်ပဲစိုက်ခင်းများကို ကြည့်ရှုသွားရန် ဖိတ်ကြားထားသဖြင့် ထိုနေ့ညနေ ၄ နာရီခန့်၌ ဦးကျော်သိန်းထံသို့ ဖြူးအပြန်ဝင်ရောက်လေ့လာခဲ့ရာ တစ်ကွင်းတစ်စပ်တည်း ၁၀ ဧကခန့် စိုက်ပျိုးထားသည့် အထူးအောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းများကို ဝမ်းသာအားရ တွေ့ရှိရ၍ နိုင်ငံခြားဈေးကွက်ဝင် မတ်ပဲများ အထူးအထွက်ကောင်းကြသဖြင့် စိုက်သူပျိုးသူ တောင်သူလယ်သမားကြီးများနှင့် ဝယ်ယူရောင်းချသူများပါ မျှတသော အကျိုးခံစားမှုရရှိကြရပြီဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

ဖြူးမြို့နယ် ငါးခေါင်းအင်းမြောက်ရွာမှ လယ်သမားကြီး ဦးအုန်းက သူစိုက်ပျိုးထားသော မတ်ပဲ ရှစ်ဧက စိုက်ခင်းများ၏ ဖြစ်ထွန်းအောင်မြင်နေသည်ကို ပြသစဉ်။

ဂေါ်ဖီထုပ်အခြောက် ဈေးကွက်ဝင်

သာစည် မေ ၁၅

မြန်မာ့ထွက်ကုန်သီးနှံများကို ပြည်ပသို့တင်ပို့လျက်ရှိသည့်အနက် မြန်မာဂေါ်ဖီထုပ်ကို ကြိုက်နှစ်သက်သည့် ကိုရီးယားနိုင်ငံသို့ အဓိက တင်ပို့လျက်ရှိသည်။ ယခုထပ်မံ၍ အဆိုပါ ဂေါ်ဖီထုပ်ကိုပင် ကုန်ပစ္စည်းအမည်သစ်(အမယ်သစ်)အဖြစ် ပြုပြင် ပြောင်းလဲ၍ ဂေါ်ဖီထုပ်ခြောက်အဖြစ် တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဂေါ်ဖီထုပ်ခြောက်ကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသော ဂေါ်ဖီထုပ်အစိုများကို သာစည်မြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လှိုင်းတက်စည်သွတ်စက်ရုံသို့ ပို့ဆောင်ပြီး ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဂေါ်ဖီထုပ်အခြောက် ပြုလုပ်ကာ ပလတ်စတစ်နှင့် ထုပ်ပြီး စက္ကူပုံးဖြင့် ထုပ်ပိုး၍ ကိုရီးယားနိုင်ငံသို့ ပို့ဆောင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ရေစကြိုမြို့နယ် သစ်တောဦးစီးဌာန သစ်ပင်မျိုးစုံ စိုက်ပျိုး

ရေစကြို မေ ၁၅

ရေစကြိုမြို့နယ် အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ၂၀၁၀-၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်များ စိုက်ပျိုးနိုင်ရန် ကျွန်းအပါအဝင် သစ်ပင်မျိုးစုံ ပျိုးပင် ၇၇၉၈၉ ပင်ကို ပြုစုပျိုးထောင်ထားပြီးဖြစ်သည်။ ယခုနှစ် စိုက်ပျိုးရန်သတ်မှတ်မှုမှာ ကျွန်း ၃၄၀၄၃ ပင်၊ ယူကလစ် ၁၅၀၀၀၊ တမာ ၁၅၀၀၊ မဲဇလီ ၅၁၄၀ စုစုပေါင်း ၅၅၆၈၃ ပင်ကို ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုများ၊ လမ်းဘေး ဝဲ၊ ယာနှင့် တပ်ရင်းတပ်ဖွဲ့များ၌ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် လူတစ်ဦး ကျွန်းတစ်ပင်၊ တစ်အိမ်ထောင် သစ်မာအပင် ၂၀ နှင့် ကျွန်းသုံးပင်၊ တစ်ရွာ ယူကလစ် တစ်ဧက စနစ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။**(ဝဲပုံ)**

(၃၇၄)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၆-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၂၅ ၆။ မျိုးချစ်တပ်မတော်
၇း၃၀ ၇။ မြန်မာ့ရှုခင်း
၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ ခါသကြွန်အဆိုအကများ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၁၅ ၄။ အဖွင့်သီချင်း
၁၁း၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၆။ ကာတွန်းအစီအစဉ် ချစ်မိတ်ဆွေဗလကြီး အပိုင်း(၄၇)
၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ချစ်သူဖန်ဆင်းတဲ့နက္ခတ်** (မြင့်မြတ်၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ မီးပွား)
၁း၃၀ ၈။ ခါသကြွန်အဆိုအကများ
၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မြတ်ရည်လေး ပြယ်ပါစေ အပိုင်း(၅၈)**
၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၇ ၃။ နိုင်ငံတော်သီချင်း
၄း၁၃ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၂၃ ၇။ မြန်မာသံစဉ်
၄း၄၀ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ၉။ ကုန်သွယ်သုတ
၄း၅၅ ၁၀။ ရန်သူမီး
၅း၁၀ ၁၁။ ခါသကြွန်အဆိုအကများ
၅း၃၀ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၅။ စားဖိုဆောင်ချစ်သူ
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၂၉)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၄)**
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၄၅)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

❍ ကမ်းလွန်ရေနံမှ

ပြန်လည် ဖျက်သိမ်းရလေ့ရှိကြောင်း၊ ကမ်းလွန် ရေနံတူးစင်ဟောင်းကို ဖျက်သိမ်းရသည့် လုပ်ငန်းသည် ငွေကုန်ကြေးကျအလွန်များပြားပြီး ဘေးအန္တရာယ်လည်း ကြီးမားသည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးသက်ရောက်စေနိုင်သော အကျိုးရလဒ်များလည်းဖြစ်ပေါ်တတ်ကြောင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီစက်မှုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက လေ့လာတင်ပြထားသည်။

ကမ်းလွန်ရေနံတူးစင်ဟောင်းများကို လူဖန်တီးသော သောင်ခုံကျောက်တန်းများအဖြစ်သို့ ပြောင်းလဲခြင်းဖြင့် ရေနံကုမ္ပဏီများအနေဖြင့် ပြန်လည်ဖျက်သိမ်းရမည့် စရိတ်စကများ ကျခံသုံးစွဲရတော့မည်မဟုတ်ကြောင်း၊ တစ်ဖက်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်အမည်ရှိ ဂျာနယ်တွင် ဩစတြေးလျသိပ္ပံပညာရှင်များက အကြံပြုရေးသားထားသည်။

ကမ်းလွန်ရေနံတူးစင်ဟောင်းများအား လူဖန်တီးသော သောင်ခုံကျောက်တန်းများအဖြစ်သို့ ပြောင်းလဲရေးအယူအဆကို ပါမောက္ခ ဒေးဗစ်ဘုသ် ဦးဆောင်သော အဖွဲ့က လှုံ့ဆော်သွားမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ ၂၀၂၅ ခုနှစ်ထက်နောက်မကျဘဲ ကမ်းလွန်ရေနံတူးစင် ၆၅၀၀ ကို ပြန်လည်ဖျက်သိမ်းရမည့် အခြေအနေတွင် ရှိနေကြောင်း ဩစတြေးလျနိုင်ငံ၌ မကြာမီကာလအတွင်း ကမ်းလွန်ရေနံတူးစင်ဟောင်း ၆၀ ကျော်ကို ပြန်လည်ဖျက်သိမ်းရမည်ဖြစ်ကြောင်း ဒေးဗစ်ဘုသ်က ပြောကြားသည်။

အင်တာနက်။

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့်နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များ ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်သည်။
၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာ ရေပက်ကစားရန်နှင့် ညနေ ၆ နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။
၃။ တားမြစ်ချက်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူ ခံရမည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။	ကစားသူ	-	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

နေပြည်တော်တစ်ခွင် မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင်ပွဲတော် အဆို၊ အက ပျော်ပြေတင်ဆက်ပွဲများဖြင့် အေးချမ်းပျော်ရွှင် လန်းဆန်းစွာ ဆင်နွှဲ

❄ **ရွှေဖုံးမှ**

အလားတူ နေပြည်တော်ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များနှင့် တေးသံရှင်များ၏ လန်းဆန်းသွက်လက်စွာ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများနှင့်အတူ ရေပက်ခံကားများ၊ ရေကစားကြသူများ၊ လာရောက်ကြည့်ရှုအားပေးကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အပြင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၊ ဟိုတယ်ရွှေပြည်တော်၊ အိုအေစစ်ဟိုတယ်၊ တော်ဝင်ကုမုဒြာဟိုတယ်၊ ရွှေမြန်မာဟိုတယ်၊ ရွှေညော့သည်ဟိုတယ်နှင့် အမရဟိုတယ်တို့တွင် စတုဒိသာဒါနအဖြစ် မဟာသင်္ကြန် မြန်မာ့ရိုးရာအစားအစာများဖြစ်သော ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ သာဂူ အစရှိသည့် မုန့်မျိုးစုံတို့ဖြင့် သင်္ကြန်ချစ်သူပြည်သူများအား ကျွေးမွေးဧည့်ခံကြသည်။

ထို့အတူ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)နှင့် ဥယျာဉ်အတွင်းရှိ ဧရာရွှေဝါကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ဒေင်ကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီ၊ အော်ရီဂျင်နယ်ဂရုကုမ္ပဏီ၊ ကေကုမ္ပဏီ၊ မက်(စ်)မြန်မာကုမ္ပဏီ၊ ထူးကုမ္ပဏီနှင့် Golden Flower ကုမ္ပဏီတို့၏ ရေကစားမဏ္ဍပ်များ၌လည်း ကုမ္ပဏီယိမ်းအဖွဲ့များက သင်္ကြန်သီချင်းများဖြင့် ကကြိုးကကွက်စုံလင်စွာ ကပြဖျော်ဖြေတင်ဆက်ကြရာ ရေသဘင်ပွဲဆင်နွှဲကြသူများ၊ မိသားစုအလိုက် အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အပြင် ညနေပိုင်းတွင် မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်နှင့် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များ၌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက သင်္ကြန်တေး၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်တစ်ခွင်၌ သင်္ကြန်အကြတ်နေ့တွင် အထူးစည်ကားလျက်ရှိသည်။ (သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့က အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)နှင့် ဥယျာဉ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ ရေကစားနေကြသူများနှင့် ဖျော်ဖြေတင်ဆက်မှုများကို တွေ့ရစဉ်။ (ကြေးမုံ)

သင်္ကြန်

ဓာတ်ပုံရိုက်ကွင်း - ခင်မောင်ဝင်း

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များ၌ အထူးစည်ကားလျက်

မဟာသင်္ကြန်အကြတ်နေ့က နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ရေကစ

မဟာသင်္ကြန်အကြတ်နေ့က နေပြည်တော်ရေပန်းဥယျာဉ်၌ အပန်းဖြေအ



...ပ်ဇုန်ရှိ ရေကစားမဏ္ဍပ်များ၌ အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

...နေ့က နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

မဟာ သကြံန် အ ကြတ် နေ့ က နေ ပြည် တော် ရေပန်း ဥယျာဉ်၌ မိသားစု အလိုက် အပန်းဖြေ အနားယူ ကြသူများဖြင့် စည် ကားလျက်ရှိသည်ကို တွေ့ရစဉ်။
(သတင်းစဉ်)

...နေ့က နေပြည်တော်ရေပန်းဥယျာဉ်၌ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးမဟာသင်္ကြန် တေးသံတို့ဖြင့်လျှံ

နေပြည်တော် ဧပြီ ၁၅

ယနေ့ ၁၃၇၂ ခုနှစ် မဟာသကြံန်အကြတ်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာသကြံန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးတော်ကြီးပတ်ပတ်လည်ရှိ ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များ၌ အေးမြကြည်လင်သော ကျုံးတော်ကြီးရေဖြင့် အတာရေများပက်ဖျန်းကြလျက် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဥယျာဉ်၊ ကုသိုလ်တော်ဘုရားတို့အပြင် အမရပူရမြို့နယ်ရှိ တောင်သမန်အင်း၊ မယ်ဇယ်ပင်တန်းနှင့် ဦးပိန်တံတားတို့သို့ သွားရောက်၍ အေးရိပ်ခို အပန်းဖြေအနားယူကြသူများနှင့် ဥပုသ်သီတင်း သီလ စောင့်ထိန်းကာ ဒါန၊ သီလ၊ ဘာဝနာ တရားအားထုတ်ကြလျက်လည်းကောင်း၊ ညနေပိုင်းတွင် ကျုံးပတ်လည်ရှိ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၏ သကြံန်မဏ္ဍပ်များ၌ တေးဂီတအဖွဲ့များနှင့် တွဲဖက်၍ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများနှင့် သကြံန်အဆိုအကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ရွှင်စွာ ဖျော်ဖြေကြလျက်လည်းကောင်း အတာသကြံန်ပွဲ ဆင်နွှဲကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများနှင့် ဧည့်သည်တော်များသည် နံနက်ပိုင်းတွင် မန္တလေးနန်းမြို့ ကျုံးတောင်ဘက်ရှိ မန္တလေးမြို့တော်ဝန် မဟာသကြံန် ဗဟိုမဏ္ဍပ်၊ Alpine သကြံန်ရေကစားမဏ္ဍပ်၊ မြန်မာ့မီးရထားမိသားစု၏ နင်ဂျာသကြံန် ရေကစားမဏ္ဍပ်၊ ကျုံးအနောက်ဘက်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးမိသားစု ရေကစားမဏ္ဍပ်၊ ကျုံးအရှေ့ဘက်ရှိ တပ်မတော်(လေ)မိသားစု သကြံန်မဏ္ဍပ်နှင့် မြန်မာ့သစ်လုပ်ငန်း ကျွန်းရွှေဝါမိသားစု ရေကစားမဏ္ဍပ်၊ ကျုံးမြောက်ဘက်ရှိ MYANMAR BREWERY LTD. ၏ မြန်မာဘီယာမိသားစု ရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက်၍ ဧည့်ခံဖျော်ဖြေမှုတို့ကို အားပေး ကြည့်ရှုကြပြီး ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ရေကစားကြသည်။

မန္တလေးမဟာသကြံန်ပွဲတော်သို့ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ၊ မြန်မာနိုင်ငံအရပ်ရပ်မှ မန္တလေးသကြံန်ပွဲတော်သို့ ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်များဖြင့် လာရောက်ဆင်နွှဲကြသည်။

မန္တလေးမြို့တော် မဟာသကြံန်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ပြန်ကြားရေးနှင့် ဓာတ်ပုံပြိုင်ပွဲစိစစ်ရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ဓာတ်ပုံပြိုင်ပွဲနှစ်ရပ်တွင် ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရန်အတွက် ဓာတ်ပုံပညာရှင်များ၊ ဝါသနာရှင်များသည်လည်း ပြိုင်ပွဲဝင်ဓာတ်ပုံများ အပြိုင်အဆိုင် ရိုက်ကူးလျက်ရှိသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသကြံန် ဗဟိုမဏ္ဍပ်၌ မစ်တယ်လ်ဇုန်ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များနှင့် သကြံန်လှပျိုဖြူများက အဆို၊ အတီး၊ အက၊ အလှများဖြင့် ဧည့်ခံဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြပြီး သကြံန်မဏ္ဍပ်ရှေ့တွင် တိုးမပေါက်အောင် စည်ကားလျက်ရှိကာ မန္တလေးမြို့တစ်ခွင်၌ သကြံန်တေးသံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ (သတင်းစဉ်)

၁၃၇၂ ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာ သကြံန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

မမတို့ မော်ရွှေမြိုင်သီချင်းသံ မွန်ပြည်နယ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၌ လွှင့်ပျံ့

နေပြည်တော် ဧပြီ ၁၅

၁၃၇၂ ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာသကြံန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၆ နာရီတွင် မော်လမြိုင်မြို့ ကမ်းနားလမ်း မြို့မတံတားအနီးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ လူမှုရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမင်းနွယ်စိုးတို့က အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့ဝင်များက ရွှေမြိုင်သကြံန်၊ မမတို့ မော်ရွှေမြိုင်၊ မြနန္ဒာသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး ငွေဖလားကိုင် လှပျိုဖြူများက အမွှေးနံ့သာရည်ကို သပြေခက်များဖြင့် တက်ရောက်လာသော ဧည့်သည်တော်များအား ပက်ဖျန်းကြသည်။

၁၃၇၂ ခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာ သကြံန်ပွဲတော်ကို မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ရေကစားမဏ္ဍပ်များ၊ ရပ်ကွက်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၄-၂၀၁၁ (စနေနေ့) (မဟာသကြံန်အတက်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	ခါသကြံန်အဆိုအကများ
၈း၂၅	၆။	International News
၈း၃၀	၇။	ခါသကြံန်အဆိုအကများ
၉း၀၀	၈။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	ခါသကြံန်အဆို၊ အကများ
၁၁း၂၅	၃။	ချစ်စရာ့တာသကြံန်
၁၂း၀၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀	၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၃)**
၁း၃၀	၆။	ရုပ်မြင်သံကြားဇာတ်လမ်း "သကြံန်ဟုခေါ်ပါသည်" (မေတ္တာ၊ ပေါ်လေး၊ ချမ်းပြည့်ငြိမ်း၊ ရဲရင့်ရှိန်း၊ ခွန်အား၊ ကြူကြူသင်း၊ ကစ်ကစ်၊ မိုနာမောင်၊ မြတ်မို့မို့သိမ့်၊ မေလင်း)(ဒါရိုက်တာ-မင်းမျိုး)
၂း၀၀	၇။	ခါသကြံန်အဆို၊ အကများ
၂း၂၀	၈။	ရောင်စုံရေးသီတေးပန်းချီ
၂း၃၅	၉။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၂း၄၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၅၀	၁၁။	International News
၃း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	ခါသကြံန်အဆို၊ အကများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (စီးပွားစီမံ အထူးပြု)(စီးပွားစီမံ)
၄း၄၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၅။	ခါသကြံန်အဆို၊ အကများ
၅း၃၀	၆။	ချစ်စရာ့တာသကြံန်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၅	၈။	မိုးလေဝသအခြေအနေ
၆း၂၀	၉။	ခါသကြံန်အဆို၊ အကများ
၆း၅၀	၁၀။	ခါသကြံန်အဆို၊ အကများ
၈း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၅)**
	၁၅။	**မြန်မာရုပ်ရှင် "မမုန်းလေနဲ့ငပလီ" (ရန်အောင်၊ ဒွေး၊ မိုးဒီ၊ မေသန်းနု၊ အိန္ဒြာကျော်ဇင်၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
	၁၆။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၇။	အစီအစဉ်ပြီး၏။

ရခိုင်ပြည်နယ် သင်္ကြန်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၅

ရခိုင်ပြည်နယ် သကြံန်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၆ နာရီခွဲတွင် စစ်တွေမြို့ ဓညဝတီဂေါက်ကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က သကြံန်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် ဂေါက်သီးရိုက်အားကစားသမား ၄၀ တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆုရရှိသည့် အားကစားသမားများအား ဂုဏ်ပြုလက်ဆောင်နှင့် ဆုများပေးအပ်ကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် ဧပြီ ၁၅

မြန်မာသက္ကရာဇ် ၁၃၇၂ခုနှစ် ကချင်ပြည်နယ် မြန်မာ့ရိုးရာ မဟာသကြံန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် (သကြံန်အကြိုနေ့) ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာမဟာသကြံန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ဖွင့်လှစ်ကြောင်း ကြေညာပြီး ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ ပညာရေး၊ လူမှုရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအလေးပါးတို့က မြန်မာ့ရိုးရာ မဟာသကြံန်ပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ရိုးရာ မဟာသကြံန်ပွဲတော်ကို ကြိုဆိုသောအားဖြင့် ငွေဖလား၊ နံ့သာရည်၊ သပြေခက်တို့ဖြင့် ရေပက်ဖျန်းကြသည်။ ယင်းနောက် မြန်မာ့ရိုးရာ မဟာသကြံန်ပွဲတော်သို့ အေးရှားဝေါလ်ကုမ္ပဏီ၊ ဝေ့ချမ်းခ ICE ကုမ္ပဏီ၊ တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းမှ DUHD ကုမ္ပဏီတို့က အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက သကြံန်သီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အာရှနိုင်ငံများအား တရုတ်တိုက်တွန်း

ဘိုအော ဧပြီ ၁၅

အာရှနိုင်ငံများသည် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန် တရုတ်သမ္မတ ဟူကျင်တောင်က ဧပြီ ၁၅ ရက်တွင် တိုက်တွန်းလိုက်သည်။

အာရှဒေသဆိုင်ရာ နှစ်ပတ်လည်ဘိုအောညီလာခံ ဖွင့်ပွဲအခမ်းအနား၌ သမ္မတဟူက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးပွဲကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဘိုအောမြို့တွင် ကျင်းပလျက်ရှိသည်။

တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ဖြစ်ပေါ်နေသောအငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းသွားမည် ဖြစ်ကြောင်း သမ္မတဟူက ပြောကြားသည်။

တရုတ်နိုင်ငံသည်ဒေသဆိုင်ရာလုံခြုံရေးစနစ်၌တက်ကြွစွာပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး အာရှဒေသ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် အိမ်နီးချင်းကောင်းဆက်ဆံရေး မူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်။

အာရှဒေသရှိ အိမ်နီးချင်းနိုင်ငံများအကြား ပင်လယ်ရေကြောင်းပိုင်နက် နယ်မြေဆိုင်ရာ အငြင်းပွားမှုများကို သံတမန်ရေး နည်းလမ်းအရ ဖြေရှင်းကြရန် တရုတ်ခေါင်းဆောင်က တိုက်တွန်းသည်။

မိမိတို့သည် လုံခြုံရေးဆိုင်ရာ တူညီသောရည်မှန်းချက်များအတွက် တူညီသောသဘောထားရပ်တည်ချက်များ ရရှိရန်လိုအပ်ကြောင်း၊ မိမိတို့သည် စစ်အေးခေတ်ပုံစံယှဉ်ပြိုင်မှုစိတ်ဓာတ်များ မထားရှိသင့်တော့ကြောင်း၊ အပြန်အလှန်ယုံကြည်မှု၊ သာတူညီမျှမှုနှင့် ညှိနှိုင်းတိုင်ပင်မှုများဖြင့် အပြန်အလှန်အကျိုးစီးပွားရရှိအောင် စွမ်းဆောင်သင့်ကြကြောင်း သမ္မတ ဟူကျင်တောင်က ပြောကြားသည်။ **အင်တာနက်။**

ဧပြီ ၁၅ ရက်က တရုတ်နိုင်ငံ ဘိုအောမြို့၌ ကျင်းပသော အာရှဒေသဆိုင်ရာ နှစ်ပတ်လည် ဘိုအော ညီလာခံဖွင့်ပွဲ အခမ်းအနား၌ ဒေသဆိုင်ရာ ခေါင်းဆောင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ချီလီတွင် ခရီးသည်တင်ကား တိမ်းမှောက် ၁၄ ဦးသေဆုံး၊ ၂၂ ဦးဒဏ်ရာရရှိ

ဆန်တီယေဂို ဧပြီ ၁၅

ချီလီနိုင်ငံ မြို့တော်ဆန်တီယေဂိုမြို့တောင်ဘက် ကီလိုမီတာ ၅၅၀ ကွာဝေးသော ဘိုင်အိုဘိုင်အိုဒေသရှိ အဝေးပြေးလမ်းမကြီး လမ်းဆုံတွင် ဧပြီ ၁၄ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး တိမ်းမှောက်သွားကြောင်း၊ ခရီးသည် ၁၄ဦးထက်မနည်းသေဆုံး ပြီး ၂၂ ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူများထဲတွင် အမျိုးသမီး ၁၀ ဦး၊ အမျိုးသားနှစ်ဦးနှင့် ကလေးနှစ်ဦးတို့ပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ခြောက်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ချီလီအမျိုးသားအရေးပေါ်ဌာနက ပြောကြားသည်။

အဆိုပါကားမတော်တဆမှုသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၃၀ ခန့်ကဖြစ်ပွားခဲ့ပြီး ဘတ်စ်ကား ရုတ်တရက်လမ်းချော်၍ တိမ်းမှောက်ခြင်းဖြစ်သည်။

ယင်းခရီးသည်တင်ကားပေါ်တွင် ခရီးသည် ၄၀ နှင့်ယာဉ်နောက်လိုက်သုံးဦး ပါဝင်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

စင်ကာပူပင်လယ်ဆိပ်ကမ်းရှိ ကုန်သေတ္တာစခန်းတစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာတွင် မြေပြိုမှုဖြစ်ပွား၊ လူ ၂၀သေဆုံး

ဘိုဂိုတာ ဧပြီ ၁၅

ကိုလံဘီယာနိုင်ငံတွင် မိုးသည်းထန်စွာရွာသဖြင့် မြေပြိုမှုများဖြစ်ပွားရာ ဘတ်စ်ကားတစ်စီးကို ရွှံ့မြေများ ဖုံးလွှမ်းခဲ့ရာ လူ ၂၀ ထက်မနည်း သေဆုံးကြောင်း သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဧပြီ ၁၃ရက်နှောင်းပိုင်းက ကိုလံဘီယာနိုင်ငံ မာနီကေးလ်မြို့အနီးတွင် မြေပြိုရာ လူ ၂၀ဦးထက်မနည်းသေဆုံးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်အေဂျင်စီက ဧပြီ ၁၄ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

မိုးသည်းထန်စွာရွာခြင်းမှာ လာနီညာရာသီဥတုထူးခြားဖြစ်စဉ်ကြောင့်ဖြစ်ကြောင်း၊ လူ ၁၂ဦး၏ ရုပ်အလောင်းများကို မြေကြီးများအောက်မှရရှိခဲ့ပြီး ကျန်လူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ကိုလံဘီယာနိုင်ငံတွင် လာနီညာကြောင့် ရေလွှမ်းမိုးခဲ့ကာ နေအိမ်များ၊ အခြေခံအဆောက်အအုံများနှင့် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရပြီး ဒေါ်လာဘီလီယံချီ၍ ဆုံးရှုံးခဲ့ရသည်။ တိရစ္ဆာန်များမှာလည်း သေကျေပျက်စီးခဲ့ရသည်။

ကိုလံဘီယာနိုင်ငံတွင် မကြာမီကကျရောက်ခဲ့သည့် မိုးရာသီကာလသည် နိုင်ငံ၏သမိုင်းတစ်လျှောက် အဆိုးရွားဆုံးဖြစ်သည်ဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အသက် ၁၁၄နှစ်ရှိ ကမ္ဘာ့အသက်ကြီးဆုံးပုဂ္ဂိုလ် ကွယ်လွန်ပြီ

ဂရိတ်ဖော်လ်စ်(မွန်တားနား) ဧပြီ ၁၅

သက်ရှိထင်ရှား ကမ္ဘာ့အသက်ကြီးဆုံးလူသားအဖြစ် အများသိကြသော မစ္စတာဝေါလ်တာဘရူနင်သည် အမေရိကန်ပြည်ထောင်စု အနောက်မြောက်ပိုင်း မွန်တားနား၌ ဧပြီ ၁၄ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ကွယ်လွန်ချိန်၌ အသက် ၁၁၄နှစ်ရှိပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

၁၉၈၀ခုနှစ်ကတည်းက ဘရူနင် နေထိုင်ခဲ့သည့် အငြိမ်းစားများရိပ်သာမှ ပြောရေးဆိုခွင့်ရှိသူ စတာစီယာကီယာဘီအဆိုအရ မဟာအသက်ရာကျော်ပုဂ္ဂိုလ်သည် ဂရိတ်ဖော်လ်စ်မှ ဆေးရုံတစ်ရုံတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခြင်းဖြစ်သည်။

၎င်းကို မင်နီဆိုတာ၊ မဲလ်ရို့စ်၌ ၁၈၉၆ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် ဖွားမြင်ခဲ့သည်။ ၁၉၁၃ခုနှစ်မှစတင်၍ လမ်းလုပ်သားတစ်ဦးအဖြစ် နှစ် ၅၀တိုင်တိုင် အလုပ်လုပ်ခဲ့သည်။ အလုပ်ဝင်ပြီး နှစ်နှစ်အကြာတွင် မွန်တားနားသို့ ပြောင်းရွှေ့ခဲ့ပြီး အသက် ၆၇နှစ်၊ ၁၉၆၃ခုနှစ်တွင် အလုပ်မှ အနားယူခဲ့သည်။

၁၉၂၂ခုနှစ်တွင် အက်ရှ်နက်စ်တူးကီးဖြင့် လက်ထပ်ခဲ့သည်။ ၎င်းတို့ ဇနီးမောင်နှံတွင် သားသမီးတစ်ယောက်မျှ မထွန်းကားခဲ့ပေ။ ၁၉၅၇ခုနှစ်တွင် ဇနီးသည် ဆုံးပါးသွားသော်လည်း ဘရူနင်သည် နောက်အိမ်ထောင် မပြုခဲ့ပေ။

ဂီရွန်တိုလိုဂျီသုတေသနအုပ်စု၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားချက်အရ ကမ္ဘာ့အသက်ကြီးဆုံးလူသားဘွဲ့ကို ဂျပန်နိုင်ငံမှ ဂျီရိုဖွန်ကီမူရာက ဆက်ခံမည်ဖြစ်သည်။ ၎င်းသည် အသက် ၁၁၃နှစ်ရှိ၍ ဧပြီ ၁၉ ရက်နေ့တွင် ၁၁၄နှစ်သို့ ရောက်ရှိမည် ဖြစ်သည်။ **အင်တာနက်။**

သင်္ဘောလုပ်ငန်းကဏ္ဍ၌ ကာဗွန်ဓာတ်ငွေ့လျှော့ချရေး စင်ကာပူနိုင်ငံ အစီအစဉ်ချမှတ် ဆောင်ရွက်မည်

စင်ကာပူ ဧပြီ ၁၅

စင်ကာပူဆိပ်ကမ်းအာဏာပိုင်အဖွဲ့သည် သင်္ဘောလုပ်ငန်းကဏ္ဍ၌ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန် လာမည့်ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာသန်း ၁၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ယနေ့ သတင်းတွင်ဖော်ပြသည်။

စင်ကာပူပင်လယ်ရေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်အရ သင်္ဘောလုပ်ငန်းကဏ္ဍမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချသွားရန် ရည်မှန်းချက်များချမှတ်ထားသည်။ ကမ္ဘာတစ်ဝန်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၃ ရာခိုင်နှုန်းမှာ သင်္ဘောလုပ်ငန်းကဏ္ဍမှ ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် နိုင်ငံတကာပင်လယ်ရေကြောင်း ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားများ၊ ပြပွဲများနှင့် ဆုပေးပွဲအခမ်းအနားများကို ကျင်းပလျက်ရှိသည်။

ကတိပြုကြ

စင်ကာပူပင်လယ်ရေကြောင်းလုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်၌ ပူးပေါင်းဆောင်ရွက်ရန် ယင်းနိုင်ငံရှိ သင်္ဘောလုပ်ငန်းဆိုင်ရာထိပ်တန်းကုမ္ပဏီ ၁၂ ခုက ကတိပြုကြသည်။

ကမ္ဘာပေါ်ရှိ ထိပ်တန်းကုန်သင်္ဘောဆိပ်ကမ်းများအနက် ၈၀ ရာခိုင်နှုန်းမှာ အာရှတိုက်တွင်တည်ရှိသည်။ စင်ကာပူပင်လယ်ဆိပ်ကမ်းသည် အာရှတိုက်တွင်သာမက ကမ္ဘာပေါ်တွင် သင်္ဘောအဝင်အထွက်အများဆုံး ဆိပ်ကမ်းတစ်ခုဖြစ်သည်။

အာရှနိုင်ငံများသည် သဘာဝပတ်ဝန်းကျင်မပျက် သင်္ဘောလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းသင့်ကြောင်း စင်ကာပူသယ်ယူပို့ဆောင်ရေးဝန်ကြီး ရေမွန်လင်းက နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။ **အင်တာနက်။**

ရေဒီယိုသတ္တိကြွ ဂျပန်ကားများကို ရုရှားအရှေ့ဖျားဒေသ၌ ထိန်းသိမ်းထား

ဗလာဒီဗော့စတော့ ဧပြီ ၁၅

ဂျပန်နိုင်ငံမှတင်သွင်းသော မော်တော်ကား ၄၉ စီး၌ ရေဒီယိုဓာတ်ရောင်ခြည်ကြွမှု သတ်မှတ်စံနှုန်းထက် ခြောက်ဆပိုမိုနေသည်ကို စမ်းသပ်တွေ့ရှိရပြီးနောက် ရုရှားနိုင်ငံ အရှေ့ဖျားဒေသရှိ ဗလာဒီဗော့စတော့မြို့တွင် ယင်းကားများကို သီးသန့်နေရာ၌ ထိန်းသိမ်းလိုက်ရကြောင်း အကောက်ခွန်ဌာနတာဝန်ရှိသူများက ဧပြီ ၁၅ရက်တွင် ပြောကြားသည်။

လွန်ခဲ့သော ၁၀ ရက်က ဗလာဒီဗော့စတော့မြို့ရှိ အကောက်ခွန်စစ်ဆေးရေးစခန်း၌ ကားများကိုရပ်တန့်စစ်ဆေးခဲ့ပြီး ယခုအခါ သေတ္တာများအတွင်း၌ ကားများကို ထည့်သွင်းထားလိုက်ပြီဖြစ်ကာ ယင်းကားများကို အသုံးပြုမည် သို့မဟုတ် ဖျက်သိမ်းမည်ကို တာဝန်ရှိသူများက ဆုံးဖြတ်ပေးမည်ဖြစ်သည်။

ရုရှားအရှေ့ဖျားဒေသရှိ အကောက်ခွန်စစ်ဆေးရေးစခန်းများတွင် သွင်းကုန်များကို စစ်ဆေးနိုင်ရန် ရေဒီယိုသတ္တိကြွ တိုင်းတာရေးကိရိယာများ ထားရှိသည်။

ဂျပန်နိုင်ငံ၌ နျူကလီးယားယိုစိမ့်မှု ဖြစ်ပွားလျက်ရှိသဖြင့် ရေဒီယိုသတ္တိကြွမှုဖြစ်နိုင်ဖွယ်ရှိ၍ ဂျပန်နိုင်ငံမှ သွင်းကုန်များကို ရုရှားနိုင်ငံက အနီးကပ်စောင့်ကြည့်လျက်ရှိသည်။ **ဆင်ဟွာ။**

ယဉ်ကျေးသိမ်မွေ့ပြီး ကျွမ်းကျင်သွက်လက်ထက်မြက်သော ဟိုတယ်ဝန်ထမ်းများအဖြစ် လေ့ကျင့်ဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလုပ်ငန်းဖြစ်ပြီး ၎င်းတို့၏ ဝန်ဆောင်မှုများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းလုံခြုံမှု၏ ပြယုဂ်ဖြစ်သဖြင့် ယဉ်ကျေးသိမ်မွေ့ပြီး ကျွမ်းကျင်သွက်လက် ထက်မြက်သော ဟိုတယ်ဝန်ထမ်းများအဖြစ် လေ့ကျင့်ဆောင်ရွက်ပေးကြရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်းက ယမန်နေ့နံနက် ၇ နာရီတွင် မန္တလေးမြို့သို့ ရောက်ရှိစဉ် အင်းဝဟိုတယ်၌ မန္တလေးတိုင်းဒေသကြီး (မန္တလေးဇုန်) ဟိုတယ်ဆိုင်ရာ ခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ ကျုံးအရှေ့ဘက်ရှိ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နဝမအကြိမ်မြောက် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး မြမန္တလာဟိုတယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးမြို့ ဗထူးအားကစားဝင်းအတွင်းရှိ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ရောက်ရှိပြီး အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် ဘောလုံးအားကစားကွင်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် Football Academy တို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထား ရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တောင်ငူပင်မဓာတ်အားခွဲရုံ၌ (၅၀၀)ကေဗွီ ပင်မဓာတ်အားခွဲရုံ တည်ဆောက်မည်

နေပြည်တော် ဧပြီ ၁၅

၂၃၀ ကေဗွီ တောင်ငူပင်မဓာတ်အား ခွဲရုံ၌ Control Building တိုးချဲ့တည် ဆောက်လျက်ရှိပြီး Switch Bay ပြောင်းရွှေ့တည်ဆောက်မည့် နေရာနှင့် ၅၀၀ ကေဗွီ ပင်မဓာတ်အားခွဲရုံတည် ဆောက်မည့် မြေနေရာတို့ကို ဧပြီ ၁၄ ရက် မွန်းလွဲပိုင်းတွင် အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုး လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ဝန်ကြီးအား ဓာတ်အားခွဲရုံမှူး အင်ဂျင်နီယာမှူး ဦးစိုးသိန်းက တောင်ငူ ပင်မဓာတ်အားခွဲရုံနှင့် စပ်လျဉ်းသည် များကို လည်းကောင်း၊ ဓာတ်အား စနစ်ဌာန အင်ဂျင်နီယာချုပ် ဒေါက်တာ ထွန်းနိုင်က ၂၃၀ ကေဗွီ Bus Bar တိုးချဲ့ တပ်ဆင်မည့်အခြေအနေ၊ Switch Bay ပြောင်းရွှေ့ပြုလုပ်မည့် အခြေအနေများ ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ကြံ့ခိုင်ကောင်းမွန်ရေး၊ ထိန်းသိမ်းမောင်းနှင်မှု စနစ်တကျပြုလုပ် ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းရန် ဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုး ၂၃၀ ကေဗွီ တောင်ငူပင်မ ဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ ထာဝရငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ ကို နာယကဦးကျော်တင် (ဒုတိယဝန်ကြီး-ငြိမ်း)အားရည်စူး၍ ဇနီးဒေါ်စုစုနှင့်မိသားစုက အသင်းတည်ရှိရာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၌ ဧပြီ ၃ ရက်က လှူဒါန်းရာ အသင်း ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းအောင်လွင်လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေး အပ်စဉ်။

(၅၆၁)

ကုန်းသာ-လေးထပ်ကျောင်း ကျောက်ချောလမ်းဖွင့်

ကသာ ဧပြီ ၁၅

ကသာခရိုင် ဝန်းသိုမြို့နယ် ရွှေဝန်းသိတာ ကုန်းသာ-လေးထပ်ကျောင်း ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၁၄ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးကျော်မိုးက စည်ပင်သာယာရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖဦးမင်းနိုင်က ကျောက်ချောလမ်း ဖွင့်လှစ်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ကျောက်ချောလမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံအား အမှုဆောင်အရာရှိ ဦးကျော်မိုး က ပေးအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက လက်ခံရယူသည်။

ထို့နောက် ကျောက်ချောလမ်းသစ်အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော် အောင်နှင့် အမှုဆောင်အရာရှိ ဦးကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ကျောက်ချောလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

(မြို့နယ်ပြန်/ဆက်)

ကလောစစ်မှုထမ်းဟောင်း ထောက်ပံ့ကြေးပေးအပ်

အောင်ပန်း ဧပြီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အသက် (၇၅)နှစ်နှင့်အထက် မြို့နယ်အဖွဲ့ဝင်များအား ပထမအကြိမ် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲကို မတ် ၂၇ ရက် နံနက်က အောင်ပန်းမြို့ အမက(၈)၌ကျင်းပရာ အခမ်းအနားမှူး အဖြစ် ဒုတိယဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ရွှေ(ငြိမ်း)၊ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး သန်းအေး(ငြိမ်း)တို့က အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အောင်ပန်းမြို့ရှိ သက်ကြီးအဖွဲ့ဝင် ၁၆ ဦးအား မြို့နယ်အမှုဆောင် အဖွဲ့တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀၀၀၀ စီနှင့် အဝတ်အထည်ပစ္စည်းများ ပေးအပ်ကန်တော့ကြပြီး သက်ကြီးအဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင် စကားပြန်လည်ပြောကြားကြောင်း သိရသည်။ (၂၄၉)

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အသက်(၇၅)နှစ်နှင့်အထက်မြို့နယ်အဖွဲ့ဝင်များ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည့် အခမ်းအနားကို အောင်ပန်းမြို့ အမက(၈)၌ ကျင်းပရာ အခမ်းအနားမှူး ဒုတိယဥက္ကဋ္ဌဗိုလ်ကြီးကျော်ရွှေ(ငြိမ်း)နှင့် သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး သန်းအေး(ငြိမ်း)တို့ အမှာစကားပြောကြားစဉ်။

(၂၄၉)

မြို့နယ်တစ်ခွင် သာယာစည်ပင်

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မ အမှတ်(၁)ဈေးအတွင်း လတ်ဆတ်သောအသားများရောင်းချမှုကို ဒုတိယဦးစီးမှူး(အခွန်) ဒေါ်မိုးစန္ဒာရွှေ နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

သာစည်မြို့ မြို့မဈေးကြီးအတွင်း၌ ရောင်းချလျက်ရှိသည့် ဝက်သား အရောင်းဆိုင်များတွင် ဝက်နားရွက်ပြာရောဂါပိုးပါရှိသည့် အသားများ ရောင်းချမှုရှိ၊ မရှိနှင့် ဝက်နားရွက်ပြာရောဂါကြိုတင်ကာကွယ်တားဆီးရေး အတွက် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်သည် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါက်တာလှမြင့်နှင့်အတူ ဧပြီ ၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ဂါလန် ၁၅၀၀၀ ဆံ့ ရေလှောင်ကန်နှင့် အပေါ့စား မီးသတ်စက်ဖြင့် မီးငြိမ်း သတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ စစ်ဆေးစဉ်။

ဇီးကုန်းမြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဇီးကုန်း ဧပြီ ၁၅

ဇီးကုန်းမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်း ဒေသကြီး(အနောက်ပိုင်း) ယင်းမြို့ပတ်လမ်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

လမ်းအရှည် ၁၆၉၄ ပေ တန်ဖိုးငွေကျပ် ၁၀၇ သိန်းရှိ မြို့ပတ်လမ်း ကတ္တရာ လမ်းသစ်ကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဒုတိယညွှန်ကြားရေးမှူး ဦးသန်း နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင် အရာရှိ ဦးအောင်မိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်တွင် ဧပြီ ၁၂ ရက်က အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မောင်ဗမာစိန်မောင် (အားကစားရုံ)တို့ ပူးပေါင်းဖွင့်လှစ်သော ကာယဗလ/ ကာယအလှ အားကစားနည်းပြဆရာသင်တန်းဆင်းပွဲ၌ သင်တန်းတာဝန်ရှိသူများနှင့် ထူးချွန်သင်တန်းသူ ဆရာမများအား တွေ့ရစဉ်။ (ကြေးမုံ)



မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မကျီးစု-ကန်နီကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်ဇော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



နိုင် ငံ တ ကာ အား က စား သ တင်း များ

နိုင် ငံ တ ကာ အား က စား သ တင်း များ

မန်စီးနီးနှင့် ဖာဂူဆန်တို့ ဗျူဟာချင်းအားပြိုင်ကြမည့် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲစဉ်များ

အကြိမ် (၁၃၀)မြောက် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် မန်စီးတီးနှင့် မန်ယူ ထိပ်တိုက်တွေ့ဆုံမှု၌ နည်းပြနှစ်ဦးဖြစ်သည့် မန်စီနီနှင့် ဖာဂူဆန်တို့၏ ဗျူဟာချင်းအားပြိုင်မှုကို မြင်တွေ့ရမည် ဖြစ်သကဲ့သို့ ဘော်လ်တန်နှင့် စတုတ်စီးတီးတို့ပွဲကလည်း အကြိတ်အနယ် ရှိလာဦးမည် ဖြစ်သည်။

၁၆-၄-၂၀၁၁ (စနေနေ့)
ည ၁၀း၄၅ နာရီ
မန်စီးတီး - မန်ယူ

မန်စီးတီးအသင်း၏ ကွင်းလယ်နှင့် နောက်တန်းမှာ လူစုံနေမည် ဖြစ်သော်လည်း ရှေ့တန်းတွင် တိုက်စစ်မှူး တီဗက်ဇ် တံကောက်ကြောဒဏ်ရာရထား၍ ပါဝင်ရန်မသေချာပေ။ ထို့ကြောင့် နည်းပြမန်စီနီအနေဖြင့် တိုက်စစ်နေရာတွင် ဘာလော့တယ်လီနှင့် ဒီဇီကိုတို့အတွဲကို ထုတ်သုံးလာဖွယ် ရှိနေသည်။ ထို့အတူ မန်ယူတွင်လည်း အားထားရသည့် တိုက်စစ်မှူး ဝိန်းရွန်နေးမှာ ပွဲပယ်ပြစ်ဒဏ်ထိထား၍ လူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို ဘာဘာတော့ဗ်နှင့် တွဲဖက်ပေးမည်ဖြစ်သည်။

ဤနှစ်သင်း၏ ဂိုးသမားပိုင်းကို ကြည့်လျှင် မန်စီးတီးဂိုးသမား ဂျိုးဟတ်ထက် မန်ယူဂိုးသမား ဗန်ဒါဆားက ပိုစိတ်ချရသည့်အနေအထားတွင် ရှိနေသည်။ ကိုလာရော့ဗ်၊ လက်စကော့၊ ရစ်ချက်၊ ဇာဘလက်တာတို့ဖြင့် ပွဲထွက်လာမည့် မန်စီးတီးနောက်တန်းမှာ ဗီဒစ်၊ အီဗရာ၊ ဖာဒီနန်နှင့် အိုရှီးယားတို့ ပါဝင်လာမည့် မန်ယူနောက်တန်းလောက် တောင့်တင်းမှုရှိမည်မထင်ပေ။ သို့သော် ဂျွန်ဆင်၊ ဘယ်ရီ၊ ဒေးဗစ်ဆေးလ်ဗားနှင့် ယာယာတိုရေးတို့၏ ကွင်းလယ်မှာ ခံစစ်ကိုကူညီရာတွင် သာမက တိုက်စစ်ကိုပါ ကောင်းကောင်း လိုက်ပါပံ့ပိုးပေးနိုင်သည်။ ထို့ပြင် ဘက်စုံထောင့်စုံက တစ်ဖက်နောက်တန်းကို မွှေနှောက်ထိုးဖောက်နိုင်သည်။ မန်ယူက ထိုသို့မဟုတ်ဘဲ နာနီနှင့် ဗလင်စီယာတို့၏ တောက်ပံနှစ်ဖက်ကိုသာ အားပြုကစားပြီး ဂိုးရအောင် ဖန်တီးတတ်လေ့ရှိသည်။

အဆိုပါမန်ယူတောင်ပံကစားသမားများဖြစ်သည့် နာနီနှင့် ဗလင်စီယာတို့ကိုသာ မန်စီးတီးထိန်းချုပ်နိုင်မည်ဆိုပါက မန်ယူတိုက်စစ် အသက်မဲ့သွားမည်ဖြစ်သည်။ ဤနှစ်သင်း၏ ကစားသမားပိုင်းနှင့် ကစားအားပိုင်းမှာ ကွာဟမှုကျဉ်းမြောင်းလှသည်။ သို့သော် မန်ယူက နိုင်လိုစိတ် ပိုမိုပြင်းထန်တာကြောင့် စိတ်ဓာတ်ပိုင်း ကွာဟလာမည်ဖြစ်သည်။ မန်ယူပွဲပန်းနေသည့်အနေအထားတွင်



မန်ယူနောက်တန်းကို ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားလာမည့် မန်စီးတီး တိုက်စစ်မှူး ဒီဇီကို။

အက်ဖ်အေဖလားမှာ မန်စီးတီးအတွက် တစ်လုံးတည်းသော ဖလားရရေး မျှော်လင့်ချက်ရောင်ခြည်ဖြစ်ခြင်းကြောင့် မိနစ် ၉၀ ကို သရေဖြင့် အဆုံးသတ်ရန် ရာနှုန်းများနေသည်။

၁၇-၄-၂၀၁၁(တနင်္ဂနွေနေ့)
ည ၉း၃၀ နာရီ
ဘော်လ်တန် - စတုတ်စီးတီး

ဤနှစ်သင်း၏ ပရီမီယာလိဂ် ရပ်တည်မှုမှာ အနည်းငယ်ကွာဟမှု ရှိနေသည်။ ဘော်လ်တန်က အဆင့်(၈) နှင့် စတုတ်စီးတီးက အဆင့်(၁၂)တွင် ရှိနေသည်။ ဘော်လ်တန်အတွက် တန်းဆင်းဇုန်အန္တရာယ်က လွတ်သွားပြီဖြစ်ခြင်းကြောင့် ယခုပွဲကို ဖိအားကင်းကင်းနှင့် ကစားလာမည် ဖြစ်သော်လည်း စတုတ်စီးတီးအတွက် တန်းဆင်းဇုန် အန္တရာယ်က စိတ်မချသေးပေ။ သို့သော် ယခုပွဲမှာ ဗိုလ်လုပွဲရောက်ရန် လက်တစ်ကမ်းသာ လိုတော့ခြင်းကြောင့် တက်ကုန်ရွက်ကုန်လွှင့်လာဦးမည် ဖြစ်သည်။

ဘော်လ်တန်တိုက်စစ်တွင် စတာရက်ချ် ပုံမှန်ဂိုးသွင်းနေသလို အယ်လ်မန်ဒါနှင့် ဒေဗီးစ်တို့ကလည်း ပုံမှန်ခြေစွမ်းရနေဆဲဖြစ်သည်။ စတုတ်စီးတီးကလည်း ဂျုန်းစ်ကို အထောင်ထားပြီး ဒီလက်၊ ဖာရေး၊ တွန်ဂီတို့၏ ကွင်းလယ်အားဖြင့် ဘော်လ်တန်ဂိုးပေါက်ကို ခြိမ်းခြောက်လာမည်ဖြစ်သည်။ သို့သော် စတုတ်စီးတီး၏ နောက်တန်းမှာ တောင့်တင်းမှုမရှိခြင်းကြောင့် ဒေဗီးစ် ဦးဆောင်သည့် ဘော်လ်တန်တိုက်စစ်ကို ဂိုးပေးရဖွယ်ရှိနေသည်။ စတုတ်စီးတီး ကွင်းလယ်ကစားသမား ဒီလက်၏ ထိရောက်ပြင်းထန်သည့် လက်ပစ်ဘောများကိုသာ ဘော်လ်တန်နောက်တန်း ရှင်းထုတ်နိုင်မည်ဆိုပါက မိနစ် ၉၀ တွင် ဘော်လ်တန်နိုင်ပွဲရသွားဖွယ်ရာ ရှိနေသည်။

ဘာဘာတော့ဗ်နှင့် တွဲဖက်၍ ပွဲထွက်လာမည့် မန်ယူလူငယ် တိုက်စစ်မှူး ဟာနန်ဒက်ဇ်။

ဆန်းဒါးလန်းတိုက်စစ်မှူး ဖရေဇာကမ်းဘဲလ် ရာသီကုန်ထိနားရမည်

လန်ဒန် ဧပြီ ၁၅

ဆန်းဒါးလန်းအသင်း၏ တိုက်စစ်မှူး ဖရေဇာကမ်းဘဲလ်သည် ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရတော့မည်ဖြစ်သည်။

အသက်(၂၃)နှစ်ရှိ ကမ်းဘဲလ်သည် မန်စီးတီးအသင်းနှင့်ကစားခဲ့သည့်ပွဲတွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဒဏ်ရာမှာ ယခုချိန်တွင် သက်သာလာခြင်းမရှိ၍ ခွဲစိတ်ကုသမှုခံယူရတော့မည်ဖြစ်သည်။

ဆန်းဒါးလန်းအသင်း၏ ရှေ့လာမည့်ပွဲများတွင် ကမ်းဘဲလ်ပါဝင်နိုင်တော့မည် မဟုတ်ခြင်းကြောင့် တိုက်စစ်မှူး အဆာမိုဂျန်ကိုသာ အားကိုးရတော့မည်ဖြစ်သည်။ ဆန်းဒါးလန်းအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၂)အပြီးတွင် ကိုးပွဲနိုင်၊ ၁၁ ပွဲသရေ၊ ၁၂ပွဲရှုံးကာ ရမှတ် ၃၈ မှတ်ဖြင့် အဆင့်(၁၃)တွင် ရှိနေသည်။

အင်တာနက်။

အနားယူရမည်

ရာသီကုန်အထိ အနားယူရတော့မည့် ဆန်းဒါးလန်း တိုက်စစ်မှူး ဖရေဇာကမ်းဘဲလ်။

ပရီမီယာလိဂ် တန်းဆင်းဇုန်အကြောင်း တစေ့တစောင်း

လန်ဒန် ဧပြီ ၁၅

ပြည်တွင်းလိဂ်ပြိုင်ပွဲများတွင် ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးဖြစ်သည့် အင်္ဂလိပ်ပရီမီယာလိဂ်၏ ၂၀၁၀-၂၀၁၁ ဘောလုံးရာသီပြီးဆုံးရန်မှာ နောက်ထပ်ခြောက်ပွဲသာလိုတော့သည်။ ထိုခြောက်ပွဲအလိုတွင် ချန်ပီယံဖြစ်မည့် အသင်း၊ ချန်ပီယံလိဂ်ဝင်ခွင့်ရမည့်အသင်း၊ ယူရိုပါလိဂ်ဝင်ခွင့်ရမည့်အသင်းနှင့် တန်းဆင်းသွားရမည့် အသင်းများကို တိတိပပ ပြောရန်မှာ လုံလောက်သည့် အနေအထား မဟုတ်သေးပေ။

သို့သော် ပွဲစဉ် (၃၂)အပြီး အမှတ်ပေးဇယားကိုကြည့်၍ ရာသီအကုန်တွင် တန်းဆင်းသွားရမည့် အသင်းများကို ကြိုတင်ရင်ခုန်ခံစားကြည့်ရင်း ပရီမီယာလိဂ် တန်းဆင်းဇုန်အကြောင်း တစေ့တစောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ဝီဂန်

ပွဲစဉ် (၃၂)အပြီးတွင် ခြောက်ပွဲနိုင်၊ ၁၃ ပွဲသရေ၊ ၁၃ ပွဲရှုံးကာ ရမှတ် ၃၁ မှတ်ဖြင့် အမှတ်ပေးဇယား အောက်ခြေတွင် ရှိနေသည်။ ဝီဂန်ဆိုသည်မှာ အဝေးကွင်းခြေစွမ်းညံ့သော်လည်း အိမ်ကွင်းမာသည့် အသင်းဟု ယခင်နှစ်များက သတ်မှတ်ခြင်းခံခဲ့ရသော်လည်း ယခုနှစ်ဝီဂန်မှာ ထိုသို့ မဟုတ်ဘဲ အိမ်ကွင်းရော အဝေးကွင်းမှာပါ ခြေစွမ်းက အညံ့ဆုံး အနေအထားတွင် ရှိနေသည်။

ဝီဂန်အသင်း လက်ကျန်ပွဲများအဖြစ် ဆက်လက်ရင်ဆိုင်ရမည့် အသင်းမှာ ဘလက်ပူး၊ ဆန်းဒါးလန်း၊ အဲဗာတန်၊ ဗီလာ၊ ဝက်စ်ဟမ်းနှင့် စတုတ်စီးတီးတို့ဖြစ်သည်။ ဝီဂန်အတွက် ပွဲကျပ်သည်ဟု မဆိုသာသော်လည်း အဲဗာတန်မှလွဲ၍ ကျန်ငါးသင်းမှာ အမှတ်လိုအပ်နေသည့် အသင်းများဖြစ်သည်။ သို့အတွက်ကြောင့် ဝီဂန်အနေဖြင့် လက်ကျန် ခြောက်ပွဲကို ခြေကုန်ထုတ်ရုန်းရတော့မည်ဖြစ်သည်။ သို့သော် တန်းဆင်းဇုန်က ရုန်းထွက်နိုင်ရေးမှာ ကြီးမားသည့်စိန်ခေါ်မှု တစ်ရပ် ဖြစ်လာမည်ဖြစ်သည်။

ဝုလ်ဗာဟမ်တန်

အမှတ်ပေးဇယားအဆင့် (၁၉)တွင် ရှိနေသည့် ဝုလ်ဗာဟမ်တန်သည် ပွဲစဉ် (၃၂)အပြီးတွင် ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၈ ပွဲရှုံးကာ ၃၂ မှတ်သာ ရထားသေးသည်။ ထို့ကြောင့် ဝုလ်ဗာဟမ်တန်အနေဖြင့် လက်ကျန်ပွဲများကို လုံးဝအမှားခံ၍ ရမည် မဟုတ်တော့ပေ။

ဝုလ်ဗာဟမ်တန်သည် လက်ကျန်ပွဲများတွင် စတုတ်စီးတီး၊ ဖူလ်ဟမ်၊ ဘာမင်ဂမ်၊ ဝက်စ်ဘရွန်း၊ ဆန်းဒါးလန်း၊ ဘလက်ဘန်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်အနေအထားအရ ဝီဂန်ထက်စာလျှင် ဝုလ်ဗာဟမ်တန်က အမှတ်ရရန် ပိုမိုအခွင့်အရေးရှိလာမည်ထင်သည်။ သို့သော် လက်ရှိ အဆင့် (၁၇)တွင် ရှိနေသည့် ဘလက်ပူးမှာ ဝုလ်ဗာဟမ်တန်၏ အဓိကပြိုင်ဘက် ဖြစ်လာဖွယ်ရှိနေသည်။

ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းသည် ပွဲစဉ် (၃၂) အပြီးတွင် ခုနစ်ပွဲနိုင်၊ ၁၁ ပွဲသရေ၊ ၁၄ ပွဲရှုံးဖြင့် ရမှတ် ၃၂ မှတ်ရကာ အဆင့် (၁၈) တွင် ရှိနေသည်။ ဝက်စ်ဟမ်းသည် လက်ကျန်ခြောက်ပွဲတွင် ဗီလာ၊ ချယ်လ်ဆီး၊ မန်စီးတီး၊ ဘလက်ဘန်း၊ ဝီဂန်၊ ဆန်းဒါးလန်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်ခြင်းကြောင့် ဝီဂန်၊ ဝုလ်ဗာဟမ်တန်နှင့် ဘလက်ပူးတို့လောက် ပွဲမချောင်ပေ။

ဝက်စ်ဟမ်းအနေဖြင့် လက်ကျန်ပွဲများတွင် ဗီလာ၊ ချယ်လ်ဆီးနှင့် မန်စီးတီးတို့ထံမှ အမှတ်ခွဲယူရန်မှာ ခက်ခဲလွန်းလှသည်။ ထိုအနေအထားမျိုးတွင် ပရီမီယာလိဂ်ပွဲစဉ်များ မပြီးဆုံးသေးမီ ပထမဦးဆုံး တန်းဆင်းသွားရမည့်အသင်းမှာ ဟမ်းမားခေါ် ဝက်စ်ဟမ်းအသင်းပင် ဖြစ်လာဖွယ်ရှိနေပါသည်ဟု ပရီမီယာလိဂ်တန်းဆင်းဇုန်အကြောင်း တစေ့တစောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ဟန်သစ်

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ ပညာသင်လျက်ရှိသည့် ကျောင်းသားများကို ပြည်ပကုမ္ပဏီများကပင် ကြိုတင်ချိတ်ဆက် ခန့်အပ်ခြင်းများရှိလာ

ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် နိုင်ငံတကာအဆင့်အတန်းမီ သင်ကြားသင်ယူမှုများ လုပ်ဆောင်ပေးလျက်ရှိပြီး ပညာရည်ပြည့်ဝကာ စည်းကမ်းကောင်းမွန်သည့် ကျောင်းသား၊ ကျောင်းသူများ မွေးထုတ်ပေးလျက်ရှိသည့် နေရာဖြစ်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အနေဖြင့် ရေကြောင်းပညာရှင်များကို မွေးထုတ်ပေးလျက်ရှိရာတွင် စာပေပညာ သာမက လေ့ကျင့်ရေးကိုပါ ပူးတွဲ သင်ကြားပေးလျက်ရှိပြီး ယနေ့ကာလတွင် တက္ကသိုလ်မှ ဘွဲ့ရရှိပြီးသူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများကို စိတ်ကြိုက်ရွေးချယ်ခွင့် ရရှိနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် သည် ရေကြောင်းပညာဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုနိုင်ရန်၊ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံပြီး ကျွမ်းကျင်သော ရေကြောင်း ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်၊ ရေ ကြောင်းပညာဆိုင်ရာ အသက်မွေးဝမ်း ကျောင်းမှုကို အထောက်အကူပြုမည့် သိပ္ပံနှင့်နည်းပညာတို့ကို သင်ကြားပေး နိုင်ရန်၊ ရေကြောင်းပညာရပ်များ စဉ် ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ချမှတ်ထား သည့် ပြဋ္ဌာန်းချက်များကို ရေကြောင်း ပညာရှင်များ သိရှိနားလည်နိုင်စေရန်၊ ရေကြောင်းပညာရပ်များဖွံ့ဖြိုးတိုးတက် စေရေးအတွက် လိုအပ်သည့်သုတေသန လုပ်ငန်းရပ်များကို ဆောင်ရွက်နိုင်ရန် စသည့် ရည်မှန်းချက်တို့ဖြင့် ရေကြောင်း ပညာရှင်များကို မွေးထုတ်ပေးလျက် ရှိသည့် နေရာတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တွင် တက်ရောက်ပညာသင်ကြားနေကြ သည့်ကျောင်းသားများအနက် ME နှင့် NS ကျောင်းသားများသည် Sea Training တစ်နှစ်ယူပြီးနောက် ဘွဲ့ရရှိပါက မိမိတို့ Sea Training ဆင်းခဲ့သည့် သင်္ဘောများ၌ပင် အလုပ်အကိုင်ရရှိသည့် အခွင့်အလမ်းများလည်းရှိနေသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အနေဖြင့် ပညာသင်ကြားရေးတွင် သာမက စည်းကမ်းပြည့်ဝရေးအတွက် ကိုပါ အလေးအနက်ထား ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တွင် ကျင်းပသောစာမေးပွဲများ၌ စာမေးပွဲစည်းကမ်းချက်များနှင့် မညီ ညွတ်သည့် ဖြေဆိုနည်းဖြင့် ဖြေဆိုခဲ့သော ကျောင်းသားများကို အပြစ်ပေးအရေးယူ လျက်ရှိရာ ၂၀၀၂-၂၀၀၃ ပညာသင် နှစ်မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အထိ နောက်ဆုံးသတိပေး ရှစ်ဦးနှင့် တက္ကသိုလ် မှ ထုတ်ပယ်ခံရသူ ခုနစ်ဦးရှိကြောင်း၊ ထို့အပြင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအရ အပြစ်ပေးအရေး ယူလျက်ရှိရာ ၂၀၀၂-၂၀၀၃ ပညာသင် နှစ်မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အထိ နောက်ဆုံးအကြိမ် ပြင်းထန်စွာသတိ ပေးခဲ့သည့် ကျောင်းသား ၂၉ ဦး နှင့် တက္ကသိုလ်မှ ထုတ်ပယ်ခံရသူ ကျောင်း သား ၁၅ဦး ရှိကြောင်း သိရသည်။

"ယခုအချိန်ကာလတွင် နိုင်ငံတော် အနေဖြင့် privatization လုပ်ပေး လျက်ရှိပါတယ်။ တံတား၊ ဆည်၊ Dams များစွာ တည်ဆောက်လျက်ရှိပြီး ပြည်ပ မှ(ဥပမာ-Singapore, Japan) သင်္ဘော ကျင်းနှင့် ရေကြောင်းစက်မှုလုပ်ငန်း များမှလည်း မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်က ဘွဲ့ရတဲ့ကျောင်းသား များကို ကမ်းလှမ်းလာသည်များလည်း ရှိပါတယ်။ သင်္ဘောကုမ္ပဏီ များမှလည်း ကမ်းလှမ်းလာသည်များ များပြား၍ ကျောင်းသားများမှ ရွေးချယ်နေရပါ တယ်"ဟု ပါမောက္ခချုပ်ဒေါက်တာ ချာလီသန်းက ၂၀၁၀-၂၀၁၁ ပညာသင် နှစ် မောင်/မယ်သစ်လွင်ကြိုဆိုပွဲ အခမ်း အနားတွင် နှုတ်ဆက်မိန့်ခွန်းပြောကြား ရာ၌ ထည့်သွင်းပြောကြားသည်။

ထိုသို့အလုပ်အကိုင်အခွင့်အလမ်းများ များလာသည်နှင့်အမျှ အရည်အချင်း ပြည့်ဝ၍ ထူးချွန်ထက်မြက်သူများ ဖြစ်စေရန်လည်း ပို၍လိုအပ်ကြောင်း၊ ထို့အတွက်မှာ ကျောင်းသား၊ ကျောင်းသူ များအပေါ်တွင် များစွာတည်မှီလျက်ရှိ ကြောင်း၊ ကျောင်းသား၊ ကျောင်းသူ အားလုံး ကြိုးစားမှသာ နိုင်ငံတော် အတွက် အားထားရသည့် ထူးချွန် ထက်မြက်သော ရေကြောင်းပညာရှင်များ ပေါ်ထွန်းလာနိုင်မည် ဖြစ်ကြောင်း ပါမောက္ခချုပ်က ထပ်လောင်းပြောကြား သည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ပထမနှစ်မှ ပဥ္စမနှစ်အထိ ကျောင်းသား ၁၈၆၁ဦး၊ ကျောင်းသူ ၂၆၉ ဦး စုစုပေါင်း ၂၁၃၀ တက်ရောက်ပညာသင်ကြား လျက်ရှိကြောင်း၊ ကျောင်းသူများကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစတင်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တွင် တက်ရောက်ပညာသင်ကြားခွင့်ပြု ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် သည် ရေယာဉ်တည်ဆောက်မှုအင်ဂျင် နီယာဘွဲ့၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့၊ ရေ ကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ် အင်ဂျင်နီယာဘွဲ့၊ ရေကြောင်းသိပ္ပံဂုဏ် ထူးဘွဲ့ဟူ၍ အင်ဂျင်နီယာဘွဲ့ပေးအပ် သည့် ဘာသာရပ်ခြောက်ခု၊ သင်္ဘော လုပ်ငန်းစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း၊ ဆိပ်ကမ်းစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း ဟူ၍ ဒီပလိုမာသင်တန်းနှစ်ခုတို့ကို သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်တွင် တက်ရောက်ပညာ သင်ကြားနေသော ကျောင်းသားများ၏ အရည်အသွေးပြည့်ဝမှုကို အသိ အမှတ်ပြုသည့်အနေဖြင့် ပြည်ပမှ ရေကြောင်းပညာနှင့်ဆက်စပ်ပတ်သက် သည့် အဖွဲ့အစည်းများကလည်း ဂုဏ်ပြုလက်မှတ်များ၊ ပညာရည်ချွန် ဆုတံဆိပ်များကို နှစ်စဉ်ရွေးချယ် ပေးအပ်လျက်ရှိပြီး နိုင်ငံခြား ကုမ္ပဏီများကပင် လုပ်ငန်းခွင်အတွက် ကြိုတင်ချိတ်ဆက် ခန့်အပ်ခြင်းများ လည်းရှိလာရာ နိုင်ငံနှင့် လူမျိုးအတွက် များစွာ အကျိုးဖြစ်ထွန်းစေသည့် အမိတက္ကသိုလ်ကြီးတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်၏ ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပသည့်နေ့က ဘွဲ့ယူသူများနှင့် ပရိသတ်တို့ကို တွေ့ရစဉ်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ကို တွေ့ရစဉ်။

သတင်းဆောင်ပါး
ရဲဝင်းဆောင်(ကြေးမုံ)
ဓာတ်ပုံ - မောင်ကြင်နာ

ပညာဂုဏ်ရောင် အလင်းဆောင်

နတ်ရေတွင်းကျေးရွာ စာကြည့်တိုက်ဆောက်လုပ်

ကောလင်း ဧပြီ ၁၅

ကောလင်းမြို့နယ် ရေကန်သာအုပ်စု နတ်ရေတွင်းကျေးရွာ၌ နိုင်ငံတော်မတည် ငွေနှင့် ကျေးရွာနေပြည်သူများ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောက်လုပ်လျက်ရှိသော ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှုကို ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကိုနှင့် ကောလင်းမြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်မြင့်တို့သည် မတ် ၉ ရက်က စာကြည့်တိုက် အမြန်ဆောက်လုပ်ပြီးစီးရေးနှင့် ဆောက်လုပ်ပြီးစီးပါက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ကြရန် မှာကြားသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံမှာ ကျင်တွယ်အုတ်ခုံထိုင်၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဖြစ်ပြီး အလျား ၂၄ ပေ၊ အနံ ၁၆ ပေ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော် မတည်ငွေဖြင့် မြဝတီမြို့နယ် ပေါလောကျေးရွာ စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်အခမ်းအနား ကျင်းပ

မြဝတီ ဧပြီ ၁၅

မြဝတီခရိုင် မြဝတီမြို့နယ် ပေါလော ကျေးရွာ၌ နိုင်ငံတော် မတည်ငွေနှင့် ကျေးလက်လူထု စာဖတ်ရှုနိုင်မြင့်မားရေး နှင့် စာကြည့်တိုက်များ ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းဆောက်လုပ် ပေးသည့် စာကြည့်တိုက်အဆောက်အအုံ ပန္နက်ရိုက်နှင့် မတည်ငွေပေးအပ်ပွဲကို မတ် ၁၂ ရက်က ပေါလောကျေးရွာ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ ၌ ကျင်းပသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အုံးသွင်၊ မြို့နယ်မှ တာဝန် ရှိသူများနှင့် ကျေးရွာဆောက်လုပ်ရေး ကော်မတီဝင် ဦးစိုးဝင်းတို့က ပန္နက်ရိုက် ပေးပြီး **(ယာပုံ)** မတည်ငွေအား ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အုံးသွင်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဖားဘိုထံ ပေးအပ်သည်။

ဆောက်လုပ်မည့် စာကြည့်တိုက် အရွယ်အစားမှာ ၂၄ ပေ × ၁၄ ပေ ဖြစ် ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

လင်းရောင်ခြည်စာကြည့်တိုက် ဖွင့်လှစ်

လားရှိုး ဧပြီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာလူထုထည့်ဝင်ငွေများဖြင့် ဆောက်လုပ်သည့် လင်းရောင်ခြည်စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖွင့်လှစ် ပေးခဲ့ရာ အဆိုပါ လင်းရောင်ခြည်စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် စေတနာရှင်များ၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁၄ သိန်း၊ စုစုပေါင်း ငွေကျပ် ၂၄ သိန်း အကုန်အကျခံ တည်ဆောက်ဖွင့်လှစ်ခဲ့ကြောင်း သိရ သည်။**(အောက်ပုံ)** (၅၃၃)

ခင်ဦးမြို့နယ် သရက်ကုန်းကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ခင်ဦး ဧပြီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သရက်ကုန်းကျေးရွာတွင် ရတနာသိယ်ဆရာတော် ဦးဝါသဝကို အမှူးထား၍ ဘဝအလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူးဦးလှဦး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် အလှူရှင် မိုးကုတ်မြို့ အောင်ချမ်းသာရပ်နေ ဦးဘုန်း မြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။**(ဝဲပုံ)**

အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၇ ပေ × အနံ ၁၈ ပေ × အမြင့် ၁၁ ပေ၊ သွပ်မိုးနံကပ်၊ တမံသလင်းခင်းတစ်ထပ် အဆောက်အအုံဖြစ်ပြီး စုစုပေါင်းကုန်ကျ တန်ဖိုးမှာ ငွေကျပ် သိန်း ၈၀ ဖြစ်ကြောင်း သိရသည်။ (၁၈၂)

ဒေသခံများ အဆင်ပြေစွာသွားလာနိုင်ရန်အတွက် ကူးတို့အထူးလိုင်းများ စီစဉ်ပြေးဆွဲပေးလျက်ရှိ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ဒေသခံများ သွားလာမှုအဆင်ပြေစေရန်အတွက် ရန်ကုန်-ဒလ/ခနောင်တိုကူးတို့သင်္ဘောလိုင်းတွင် အထူးလိုင်းများကိုပါ ဖြည့်စွက်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"ရန်ကုန်-ခနောင်တိုက လိုက်ပါတဲ့သူများတဲ့အတွက် ပုံမှန်ဆွဲတဲ့ ကူးတို့အပြင် အထူးလိုင်းတွေကို အားဖြည့်ဆွဲပေးတယ်။ အဓိကက ရုံးဆင်း၊ ရုံးတက်ချိန်တွေပေါ့။ အခုလိုအားဖြည့်ပြေးဆွဲမှုကြောင့် ဝန်ထမ်းတွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေအတွက် ပိုပြီးအဆင်ပြေသွားတယ်။ အထူးလိုင်းနဲ့လိုက်ရတာ အားသာချက်တွေရှိတဲ့အတွက် အဲဒီအခေါက်ကို မီအောင်လိုက်ကြသူတွေများတယ်"ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ပြန်ကြားရေးဌာနမှ ဦးထိန်လင်း(မန်နေဂျာ)က ပြောကြားသည်။

ယခုပြေးဆွဲပေးနေသည့် ရန်ကုန်-ခနောင်တိုကူးတို့လိုင်းရှိ အချို့ခရီးစဉ်လိုင်းများသည် ခနောင်တိုဆိပ်အပြင် အတွင်းဘက်ကျသည့် လက်ပံကုန်းဝအထိ ပြေးဆွဲပေးရာ ဒေသခံတို့အတွက် သွားလာမှုတွင် များစွာအဆင်ပြေကြောင်း၊ ထိုသို့မဟုတ်ပါက ခနောင်တိုမှတစ်ဆင့် လက်ပံကုန်းဝသို့ ခရီးတစ်ဆင့်ထပ်မံသွားရောက်ရမည်ဖြစ်ရာ ထိုသို့ တစ်ဆင့်သွားရောက်ရသည့်အတွက် ကုန်ကျမည့်သမ္ဘန်စီးနင်းခလည်း သက်သာသွားမည့်ဖြစ်သည့်အပြင် အချိန်နှောင့်နှေး ကြန့်ကြာမှုကိုလည်း ဖြေရှင်းပေးရာရောက်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

"လိုင်းက ခြောက်လိုင်းရှိတယ်။ ခြောက်လိုင်းကို တစ်နေ့ ၁၀ခေါက်ပေါ့။ ပုံမှန်လိုင်းက ခြောက်ခေါက်။ အထူးလိုင်းက လေးခေါက်ပြေးဆွဲပေးတယ်။ စုစုပေါင်း ၁၀ ခေါက်ပြေးဆွဲပေးတယ်။ အရင်ပြေးနေတာနဲ့ မလုံလောက်တော့တဲ့အတွက် သွားလာမှုများတဲ့အချိန်တွေကို အချိန်ဇယား စီစဉ်ရေးဆွဲပြီး အခုလို အထူးလိုင်းတွေ ဖြည့်စွက်ပြေးဆွဲပေးတာဖြစ်ပါတယ်။ ရုံးချိန်၊ ကျောင်းချိန်အတွင်းမှာ ဖြည့်ဆွဲပေးပါတယ်။ နေ့စဉ် ခရီးသည် သုံးထောင်နဲ့ သုံးထောင်ငါးရာ ဝန်းကျင်ရှိတယ်။ စနေ၊ တနင်္ဂနွေရက်တွေမှာတော့ သွားလာမှုနည်းတယ်"ဟု ရန်ကုန်-ခနောင်တို ကူးတို့လိုင်းမှ ကြီးကြပ်ရေးမှူးဖြစ်သူ ဦးအောင်စိုးက ရှင်းပြသည်။

ယခုပြေးဆွဲလျက်ရှိသည့် ရန်ကုန်-ခနောင်တို ကူးတို့ခရီးစဉ်တွင် ပုံမှန်ကူးတို့လိုင်း ခြောက်လိုင်း၊ အထူးလိုင်းလေးလိုင်းဖြင့် ပြေးဆွဲပေးနေကြောင်း၊ ကူးတို့စီးခရီးသည်များသွားလာမှု အဆင်ပြေစေရန်အတွက် ကူးတို့ဆိုက်ကပ်သည့် ဆိပ်ကမ်းကိုလည်း ပုံသေသတ်မှတ်ပြေးဆွဲပေးထားကြောင်း သိရသည်။

ထိုသို့ ခရီးသည်များ သွားလာမှု အဆင်ပြေစေရန် လုပ်ဆောင်ပေးသည့်အပြင် ကူးတို့လိုင်းမှ တာဝန်ရှိသူများအနေဖြင့် ခရီးသည်များ၏ အသက်အန္တရာယ် လုံခြုံစေမှုကိုလည်း အဓိကထား ဂရုစိုက်လုပ်ဆောင်ပေးရကြောင်း၊ ခရီးသည်များအနေဖြင့် သင်္ဘောတွင် လိုက်ပါစီးနင်းရာတွင် လိုက်နာသင့်သည်များ၊ သင်္ဘောဆိပ်ကမ်းမှခွာစဉ်နှင့် ဆိပ်ကမ်းသို့ကပ်စဉ် ပြေးတက်ပြေးဆင်း ပြုလုပ်ခြင်းစသည့် အသက်အန္တရာယ်နှင့် တွေ့ကြုံရနိုင်သည်များ မဖြစ်ပေါ်စေရန်အတွက် အသိပညာပေးခြင်း၊ ရေကြောင်းနှင့်ပတ်သက်၍ သိရှိနားလည်သင့်သည်တို့ကိုလည်း အသိပေးပြောကြားခြင်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်-ခနောင်တိုသို့ ပြေးဆွဲပေးနေသည့် ကူးတို့သင်္ဘော။

ကူးတို့ ကမ်းကပ်စဉ် ကူးတို့မှ ဆိပ်ကမ်း၊ ဆိပ်ကမ်းမှ ကူးတို့သို့ ခရီးသည်များ ဤသို့သွားလာနေကြစဉ်။

လူမှုရေးထောက်ပံ့စရိတ်နှင့် ဖွံ့ဖြိုးရေးအကျိုးခံစားခွင့် ချီးမြှင့်

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဝန်ထမ်းများ လူမှုရေးထောက်ပံ့စရိတ်နှင့် ယာဉ်လုပ်သားများ ဖွံ့ဖြိုးရေးအကျိုးခံစားခွင့်များ ပေးအပ်ပွဲကို ဧပြီ ၇ ရက်က မထသရုံးချုပ်၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်ထွဋ်နှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်က အမှာစကားပြောကြားပြီး လူမှုရေးထောက်ပံ့စရိတ် ငွေကျပ် ၇၀၇၇၀၀၀၀၊ ယာဉ်ပိုင်ရှင်များ ဖွံ့ဖြိုးရေးအကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၀၀၀၊ ယာဉ်လုပ်သားများ ဖွံ့ဖြိုးရေးအကျိုးခံစားခွင့် ငွေကျပ်သိန်း ၁၀၀၀ တို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (မထသရုံးချုပ်)

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပျော်ဘွယ် ဧပြီ ၁၅

ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲကို မတ် ၂၆ ရက်က ပျော်ဘွယ်မြို့ မြို့မဈေးကြီး၌ ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မီးသတ်ရေပိုက်များဖြင့် မီးငြိမ်းသတ်နည်းများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နှစ်ဦးအလှူ

မန္တလေး ဧပြီ ၁၅

မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၁၁ ခုနှစ် မဟာသင်္ကြန်နှစ်ဦး ကုသိုလ်အလှူအဖြစ် ရာသက်ပန် ငွေပဒေသာပင် စိုက်ထူခြင်းနှင့် စတုဒိသာ ကျွေးမွေးခြင်းကို ဧပြီ ၇ ရက်က ကျင်းပရာ မင်းကွန်းဘိုးဘွားရိပ်သာ၊ မြောက်ပြင်ဘိုးဘွားရိပ်သာ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ငါးစို့မိဘမဲ့ဂေဟာကျောင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ သံဃာ့ဆေးရုံ(ကန်တော်ကြီး)၊ တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ကလေးပြုစုရေးဌာန၊ နားမကြားကျောင်း (စစ်ကိုင်းလမ်းခွဲ)၊ အေးရိပ်မွန် အမျိုးသမီးစောင့်ရှောက်ရေး(ကြည်ပြာ)၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ ရာသက်ပန် ငွေပဒေသာပင်များကို လှူဒါန်းပြီး လမ်း(၈၀)၊ (၂၅×၂၆) လမ်းကြားရှိ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးဝင်းအတွင်း၌ ရေခဲမုန့်စတုဒိသာ ကျွေးမွေးခဲ့ကြကြောင်းသိရသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နှစ်ပတ်လည်စည်းဝေး

မော်လမြိုင် ဧပြီ ၁၅

မွန်ပြည်နယ် မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ၂၀၁၁ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** အတွင်းရေးမှူး ဦးမောင်ချစ်က (၂၀၀၇-၂၀၁၁) လေးနှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဖွဲ့စည်းပုံ စည်းမျဉ်း၊ စည်းကမ်းပါသတ်မှတ်ချက်များနှင့်အညီ အဖွဲ့အစည်းမှ ဆောင်ရွက်လျက်ရှိသော စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များနှင့် အဖွဲ့ဝင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ သာရေး၊ နာရေးနှင့် လူမှုရေးဆိုင်ရာ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် မြို့နယ်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (၃၀၇)

ရှင်အုန်းညိုစာကြည့်တိုက်

မတ် ၂၆ ရက်က တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာအလှူရှင်များ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးသည့် ရှင်အုန်းညိုစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(မြို့နယ်ပြန်/ဆက်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်



ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၄၁၇၉၅၊ ၅၄၅၇၈၂

အလှူရှင်များသို့ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ပစ္စည်းလေးပါးဖြင့် စဉ်ဆက်မပြတ်ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပ အလှူရှင်များအားလုံး ၁၃၇၃ခုနှစ်၊ နှစ်သစ်မင်္ဂလာအခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၁)လမ်း၊ တိုက်(၁/၁၃)၊ အခန်း(၀၀၃)၊ မူလအမည်ပေါက် ဦးကျော်အုန်း[၅/ကလတ(နိုင်)၀၁၁၀၈၈]ထံမှ ဝယ်ယူသူ ဦးမြင့်စိန်ဦးမှ အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာနှင့် (၁၄)ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

ဦးမြင့်စိန်ဦး
[၁၄/ရကန(နိုင်)၀၇၅၅၅၆]

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)
(၃၆)ကြိမ်မြောက် အဓိဋ္ဌာန်ပွဲဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ကြွရောက်၍ သတိပဋ္ဌာန်ဝိပဿနာ(၇)ရက် အဓိဋ္ဌာန်ပွဲ (၃)ပတ် ဟောကြားပြသပါမည်။ **ပထမပတ်** ၂၀၁၁ခုနှစ်၊ မေလ(၁)ရက်နေ့ ညနေ မှ (၈)ရက်နေ့ နံနက်ထိ၊ **ဒုတိယပတ်** မေလ (၈)ရက်နေ့ ညနေမှ(၁၅)ရက်နေ့ နံနက်ထိ၊ **တတိယပတ်** မေလ(၁၅)ရက်နေ့ ညနေမှ(၂၂)ရက်နေ့ နံနက်အထိ၊ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း ၆၃၈၀၈၈နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

ဇနီးအဖြစ်မှတရားဝင်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ကော့သောင်းမြို့၊ အေးမြကန်သာရပ်ကွက်၊ မနော်ဟရီ(၄)လမ်း၊ အမှတ်(၂၄၂)တွင်နေထိုင်သော မောင်ခင်မောင်ဦး(ဘ)ဦးဖေမောင်[၆/ထဝန(နိုင်)၀၀၀၅၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်၏ ဇနီးဖြစ်သူ မချောစုဝင်း(ဘ)ဦးခင်မောင်ဝင်း [၆/ကသန(နိုင်)၀၅၀၀၄၀]သည် ခင်ပွန်းဖြစ်သူ ရပ်ဝေး၌ မိသားစုအားရှာဖွေကျွေးမွေးရန် သွားရောက်လုပ်ကိုင်နေစဉ်အတွင်း မိမိသဘောအတိုင်း လွန်ခဲ့သော(၂)လမှစ၍ နေအိမ်မှဆင်းသွားပါသဖြင့် ကြော်ငြာသည့်နေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်၍ နောက်နောင်ဖြစ်ပေါ်လာသော အရှုပ်အရှင်းပြဿနာများကို ကျွန်ုပ်၏အမှုသည် အနေဖြင့် လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မောင်ခင်မောင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-ဦးလွင်အောင်
(နရီ-မြိတ်) LL.B(Advocate)
တရားရုံးချုပ်ရှေ့နေ(စဉ်-၆၆၁၂)
အမှတ်(၁၀၂)၊ စစ်ကိုင်းလမ်း၊
ပုလဲဒီပါရပ်၊ မြိတ်မြို့
ရုံးဖုန်း-၀၉-၈၇၇၀၂၇၉၊
အိမ်ဖုန်း-၀၉-၄၉၈၇၀၇၀၇၉၃

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၇၃ ခုနှစ်၊ နှစ်သစ်မင်္ဂလာ ချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သော စေတနာ ကရုဏာတရားမေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူ ကူညီလှူဒါန်းကြသူ အလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများက ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။ အသက်(၇၀)ကျော် ဘိုး(၆၁)နှင့် ဘွား (၁၃၄)၊ ဘိုးဘွားစုစုပေါင်း(၁၉၅)ဦးကို ပြုစုထားပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
၂၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၅၄၁၇၉၆၊ ၅၄၁၇၉၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း(ပန်းတဉ်းတန်း) အမှတ်(၆၄၇)၊ တတိယအလွှာကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရီ (AE 220337)ထံမှ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါတိုက်ခန်းကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်အတူ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခင်ပြုံး
[၁၂/ကမတ(နိုင်)၀၁၂၆၆၈]
အမှတ်(၆၄၇)၊ အောက်ကြည့်မြင်တိုင်လမ်း(မြေညီထပ်)
ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၂၉၆၉၈

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ သာလွှာဝတီ(၅)လမ်း၊ အမှတ်-(၇၇၂/က) နေ ဦးသိန်းမြင့်-ဒေါ်ခင်နှင်းဝေ တို့၏သားဖြစ်သူ မောင်ဝေလင်းအောင် [၁၂/သကတ(နိုင်)၁၆၂၅၁]သည် မိဘများအားစိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဖခင် - ဦးသိန်းမြင့်[၁၂/သကတ(နိုင်)၀၆၆၇၆၃]
မိခင် - ဒေါ်ခင်နှင်းဝေ[၁၂/သကတ(နိုင်)၀၆၁၇၅၃]

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပဒတ္တိုင်းကျေးရွာနေ ဦးမြင့်ဆွေ [၅/မမတ(နိုင်)၀၇၅၆၅၆]နှင့် (ဒေါ်ငွေးညွှန့်)တို့၏သမီး မဝင်းစန္ဒာ[၅/မမတ(နိုင်)၀၆၆၀၇၂]သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝဟူသမျှတို့ကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်- ဦးမြင့်ဆွေ

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၁၆-၄-၂၀၁၁ (သင်္ကြန်အတက်နေ့)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော်(ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (အေးအတူပူအမျှ)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်း အနုပညာသတင်း(၁၇)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများ၏သင်္ကြန်သီချင်း)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (ပင်လယ်ခြားတဲ့ပိတောက်) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (မြန်မာ့နှစ်သစ်ကူးပွဲတော်)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲတင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	ချိုချစ်ဖွယ်အင်္ဂလိပ် တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	ရေဒီယိုအတိတ်တေးအရိပ်
၇း၃၀	သုတအဖြာဖြာတိုင်းရင်းဆေးပညာ(နွေရာသီတွင်ဖြစ်တတ်သောအပူဝင် အပူငုပ်ရောဂါနှင့် ခေါင်းအုံခေါင်းကိုက်ရောဂါ) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၅	ညချမ်းချိန်ခါတေးပဒေသာ စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါ တေးပဒေသာ
၉း၀၀	Radio Internet
၉း၁၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၉း၅၀	ညချမ်းချိန်ခါ တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ကလေးမြို့နယ် ကုက္ကိုလ်ကျေးရွာ
စွမ်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကလေး ဧပြီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ကုက္ကိုလ်ကျေးရွာ၌ စွမ်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ ရန်ပုံငွေပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။ ယင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဇော်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသန်းဝင်းနှင့် ကုက္ကိုလ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စာကြည့်တိုက် အဆောက်အအုံသစ်မှာ အလျား ၁၈ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ သွပ်မိုးပျဉ်ခင်း အမျိုးအစားဖြစ်ပြီး မြေနှင့် ပရိဘောဂအပါအဝင် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅၆၅၀၀၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ (၁၂၄)ပထမအလွှာရှိ
တိုက်ခန်းဝယ်ယူရန်အတွက် ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းဝင်း [၁၂/ပဘတ(နိုင်)၀၀၀၃၈၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၁)လမ်း၊ အမှတ်(၁၂၄) ပထမလွှာရှိ (၁၅×၆၀)ပေ အခန်းနံပါတ်B-၂ (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် ယင်းအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်စာချုပ်အဆက်အစပ်များနှင့်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မြင့်ထွန်း(ခ)ဦးကိုကိုအောင် [၁၂/သခန(နိုင်) ၀၂၀၅၁၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်စာရွက်စာတမ်း၊ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသိန်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးတင့် (LL.B)	**ဒေါ်သင်းသင်းယု (LL.B)**
(စဉ်-၇၁၁၈)	**(စဉ်-၃၀၃၀၄)**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်(၁၂၄)၊ အနော်ရထာလမ်း၊ လယ်ပေါ်ပိုင်းရပ်ကွက်၊ အိမ်မဲမြို့
ဖုန်း-၀၄၂-၈၅၂၄၀၊ ၀၉-၈၅၈၆၁၂၉

ဒေါ်တင်ညွန့် (၇၂)နှစ်
(ထားဝယ်)

ထားဝယ်မြို့၊ စမ်းလှမ်းရပ်နေ (ဦးစံရွှေ-ဒေါ်ဖွားသင်)တို့၏ သမီး၊ ထားဝယ်မြို့၊ ဇရစ်ရပ်နေ (ဦးဘအို-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်အမှတ်(၂)နေ ဦးမြင့်အောင်(အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ချစ်ဇနီး၊ (ဦးစောညွန့်)၊ (ဦးညွန့်လှိုင်-ဒေါ်မေကြွေ)၊ (ဦးကြည်စိန်-ဒေါ်ကြည်ကြည်)၊ (ဦးဗသိန်းတင်-ဒေါ်လေးတင်)၊ [ဗိုလ်မှူးကြီးဖေသက် (ငြိမ်း)-ဒေါ်တင်ညွန့်]၊ (ဦးဖေညွန့်- ဒေါ်ကြည်ကြည်)၊ (ဒေါ်သန်းစု)၊ ပါမောက္ခဒေါက်တာဦးစိုးမြင့်-ပါမောက္ခဒေါ်အုန်းကြည်၊ [ဗိုလ်မှူးကြီးမျိုးအောင်(ငြိမ်း)-ဒေါ်ကြင်ဝါ]၊ ဦးမြင့်မောင်-ဒေါ်ကြူဝင်း၊ ဒေါက်တာဦးမျိုးမြင့်-ဒေါ်အုန်းကြွယ်တို့၏ ညီမ/အစ်မ ဒေါ်တင်ညွန့်သည် ၁၄-၄-၂၀၁၁(ကြာသပတေးနေ့) နံနက် ၃း၂၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၁(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(၁၆-၄-၂၀၁၁ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်ညွန့် (၇၂)နှစ်
(ထားဝယ်)

ထားဝယ်မြို့၊ စမ်းလှမ်းနေ (ဦးစံရွှေ-ဒေါ်ဖွားသင်)တို့၏ သမီး၊ ထားဝယ်မြို့၊ ဇရစ်ရပ်နေ (ဦးဘအို-ဒေါ်စောခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်အမှတ်(၂)နေ ဦးမြင့်အောင်(အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ ဦးချိန်ပို(လ/ထ မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်ညိုလှိုင် (လ/ထ မန်နေဂျာ-ငြိမ်း၊မြန်မာ့သစ်လုပ်ငန်း)တို့၏ အဒေါ်၊ ဦးတင်ထွန်း(မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ယင်းမာဦး၊ ဦးမေတ္တာအောင်- MS. THANAWAN SAKSRI AUNG၊ MR. ROBERT GEORGE STEBER- ဒေါ်စန္ဒာအောင် (GINNACLE IMPORT-EXPORT PTE LTD., SINGAPORE)၊ ဦးလွင်အောင် (GINNACLE IMPORT- EXPORT PTE LTD.,)-ဒေါ်အိရွှေစင်အေး၊ ဒေါ်မာလာအောင်တို့၏ ချစ်လှစွာသော မိခင်ကြီး၊ ကိုတင်အောင်မိုး-မကျော့ကျော့ပို၊ (မောင်ရဲဝင်းပို)၊ CHARLES. AUNG STEBER၊ JAMES AUNG STEBER၊ မပေမာန်ထွန်း ၊ မောင်ပြည့်ဘုန်းသော်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၄-၄-၂၀၁၁(ကြာသပတေးနေ့) နံနက် ၃း၂၀ နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၁(စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (၁၆-၄-၂၀၁၁ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်ကျော်ဇင်မင်း
အသက်(၂၁)နှစ်

ဦးမျိုးသန့်-ဒေါ်ခင်ကြူတို့၏ သား ဒုတိယဗိုလ်ကျော်ဇင်မင်းသည် ၁၁-၄-၂၀၁၁ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

72 Batch UTC မှသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မြင့်(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း) မြန်မာ့သစ်လုပ်ငန်း၊ ပုသိမ်မြို့

ကိုမြင့်ရေ-

၁၂-၄-၂၀၁၁ရက် နံနက် ဝ၇း၃ဝနာရီမှာ တစ်ဘဝတစ်ခန္ဓာ ပျက်သုဉ်းခဲ့ပေမယ့် ငပုတော ဟိုင်းကြီးလှိုင်းဒဏ်ကို ပဲ့ထောင်ငယ်နဲ့ ရင်ဆိုင်ခဲ့ရတာတွေ၊ အင်ကညင် တောင်သရက်တွေကို ဖောင်ဖွဲ့ပို့ခဲ့ရတာတွေကတော့ အရိပ်ထင်နေဦးမှာပါ။

သူငယ်ချင်း သံသရာကို ဘဝတိုတိုနဲ့ ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့လိုက်ရပါတယ်။

သူငယ်ချင်းများ
(၁၉၇၂-သစ်တောသိပ္ပံ-RASU)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၅)၊ မြေကွက်အမှတ်(၄၁၇)၊ မြေအကျယ်အဝန်း ပေ(၄၁×၆၀)၊ နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သည့် တောင်ဒဂုံမြို့နယ်၊ ၂၅ ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အိမ်အမှတ်(၄၁၇) ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်အေးအေးသန်း[၁၂/တမန(နိုင်)၀၁၆၇၇၁] ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးသုတဖြိုး [၁၂/ဒဂတ(နိုင်)၀၁၀၄၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးညွန့်တင်[၁၂/သကတ(နိုင်)၁၁၇၃၉၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး (LL.B,D.B.L,D.M.L) **ဦးမြတ်ထွန်း (B.Sc,R.L)**
ဒေါ်အေးအေးသန်း (LL.B) **(စဉ်-၃၆၉၀)**
(စဉ်-၂၇၁၂၈၊ စဉ်-၃၅၂၅၃) **တရားရုံးချုပ်ရှေ့နေ**
အထက်တန်းရှေ့နေများ
အမှတ်(၅၅)၊ ၁၄လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

ဦးသောင်းညွန့်
ပထမတန်းလုပ်ငန်းကြပ်၊ အုံကြီးသဘော်ကျင်း(ငြိမ်း)
(ကမာကသွယ်၊ ဒလ)
အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကသွယ်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၂၃)နေ(ဦးဖိုးမြစ်- ဒေါ်သိန်းခင်)တို့၏သား၊ (ဦးဘဆိုင်-ဒေါ်နှင်းနွယ်)တို့၏သားသမက်၊ (ဒေါ်ရင်မြိုင်)၏ ခင်ပွန်း၊ ဦးအုန်းဖေ-(ဒေါ်တင်နု) တို့၏ညီ၊ (ဦးသိန်းမောင်)-ဒေါ်တင်ရွှေ ဦးလှမြိုင်-ဒေါ်သန်းချစ်၊ (ဦးအောင်ဝင်း)-ဒေါ်နွဲ့နွဲ့ရီတို့၏အစ်ကို၊ ဦးမောင်မောင် အောင်-ဒေါ်ရီရီအေး၊ (ဦးဇော်မြင့်)၊ ဒေါ်မြင့်မြင့်အေး၊ ဦးအေးဇော်-ဒေါ်ခင် ခိုင်ခိုင်မြင့် (PARKROYAL HOTEL MALAYSIA)၊ ဒေါ်ချိုမာအေး၊ ဦးမျိုး ဇော်-ဒေါ်စုစုပြေတို့၏မွေးသဖခင်၊မသဥ္ဇာလှိုင်(အမက-၂၊ ဒလ)၊ ဒုတိယဗိုလ်လွင်ထူးမင်း၊ မောင်စစ်နိုင်ပြေတို့၏ အဘိုးသည်၁၄-၄-၂၀၁၁ (ကြာသပတေးနေ့)နံနက် ၁၁း၂၀နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၁(စနေနေ့)မွန်းလွဲ ၁နာရီတွင် ဒလမြို့ ခနိတောသုသာန်၌ သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (၁၆-၄-၂၀၁၁ရက်တွင် ကွယ်လွန်သူအားရည်စူး၍ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းငွေး (၅၅)နှစ်
(လှည်းကူး)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့ပတ်လမ်းနေ(ဦးပွား-ဒေါ်ခင်မေ)တို့၏သမီး၊ ပဲခူးမြို့နေ(ဦးဖေသန်း-ဒေါ်အေးမယ်)တို့၏သမီးချွေးမ၊ ဦးမျိုးမြင့်(ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန-ငြိမ်း)၏ဇနီး၊ ဦးဝင်းဦး-ဒေါ်အေးအေးကြူတို့၏အစ်မ၊ ကိုဝေယံမျိုးမင်း-မနန်းသဇင်ထွေး၊ ကိုထွန်းထွန်း(ခ) ကိုသန်းဇော်ငွေး-မအိအိမွန်(သမားတော်ဆေးနှင့် ဆေးပစ္စည်းစတိုး)၊ မရွှေစင်သန့်(အကောက်ခွန်ဦးစီးဌာန)တို့၏မိခင်၊ မောင်ဟိန်းသန့်ဇင်၏အဘွားသည် ၁၄-၄-၂၀၁၁(ကြာသပတေးနေ့)နံနက် ၃း၃၀နာရီတွင် လှည်းကူးမြို့ ချစ်ကြည်ရေးလမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၁(စနေနေ့)မွန်းတည့် ၁၂နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်ဂူသွင်းဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဖွားမြိုင်
အသက်(၉၀)
(ဟုမ္မလင်း၊ မောင်းခမ်း)

သူငယ်ချင်း ဦးအောင်ဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ် တရားစီရင်ရေး၊ နေပြည်တော်)၏ မိခင် ဒေါ်ဖွားမြိုင်သည် ၈-၄-၂၀၁၁ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၂-၇၇ ဥပဒေကျောင်းသား၊ ကျောင်းသူများ
လူမှုရေးဖောင်ဒေးရှင်း

ဝမ်းနည်းကြေကွဲခြင်း
ကိုကိုင်ဇာကျော်ငြိမ်း(ခ)ကိုစိုင်း
အသက်(၃၄)နှစ်

ဦးကျော်ငြိမ်း၊ ဒေါ်နွဲ့ရီတို့၏ မြေး၊ ဦးစဝ်အောင်-ဒေါ်ချိုချိုကျော်ငြိမ်း [အထွေထွေအတွင်းရေးမှူး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)]တို့၏ သားထွေး ကိုကိုင်ဇာကျော်ငြိမ်းသည် ၁၀-၄-၂၀၁၁(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒီမိုကရက်တစ်ပါတီ(မြန်မာ)ဌာနချုပ်



(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့်(ငြိမ်း)
(၁၆-၄-၂၀၀၈-၁၆-၄-၂၀၁၁)

ကျေးဇူးရှင် ဖေဖေ ကွယ်လွန်သည်မှာ ၁၆-၄-၂၀၁၁ ရက်တွင် (၃)နှစ်ပြည့်ပြီဖြစ်သော်လည်း ဂုဏ်ကျေးဇူးများအား အမြဲသတိရလျက်ရှိပါသည်။ ဖေဖေကိုရည်စူးပြီး နေ့စဉ်၊ အပတ်စဉ်၊ လစဉ် အလှူများကို ပြုလုပ်ပေးလျက်ရှိပါသည်။ ပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှုများအားလုံးကို မြင့်မြတ်သော၊ ငြိမ်းချမ်းသော ဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ-

ချစ်ဇနီးပြုံးနှင့်
ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများ

ဦးအန့်ကူ(ခ)ဦးထွန်းမြင့်အားရည်စူး၍
၁၉-၄-၂၀၁၁ ရက် (အင်္ဂါနေ့) စတုဒိသာကျွေးမွေးရန်ဖိတ်ကြားခြင်း

ကျေးဇူးရှင် **ပါပါးဦးအန့်ကူ(ခ)ဦးထွန်းမြင့်**အား ရည်စူး၍ လှိုင်သာယာမြို့နယ်၊ ကင်းဝန်မင်းကြီးလမ်းနှင့် ဦးတရုတ်ကြီးလမ်းထောင့်ရှိ မဟာသီဟနာဒကျောင်းတိုက်၌ ၁၉-၄-၂၀၁၁ ရက် (အင်္ဂါနေ့) နံနက်၈း၀၀နာရီမှ ၁၁း၀၀အချိန်တွင် မဟာပမုခနာဒစေတီရုပ်ပွားတော်၊ မုခ်ဦးကြီးနှစ်ခု၊ အုတ်တံတိုင်း၊ ပုဂ္ဂလပညတ်နှစ်ထပ်ကျောင်းဆောင်ကြီး ရေစက်ချအလှူတော်မင်္ဂလာနှင့် စတုဒိသာ မုန့်ဟင်းခါး အချိန်(၁၀၀၀)ပိဿာ ကျွေးမွေးမည်ဖြစ်ပါ၍ မည်သူမဆို လာရောက်သုံးဆောင်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူဇနီး ဒေါ်စန်းစန်းဦးနှင့် ဘုတ်ဆုံမမိသားစု

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးသူရဇော်၏ နိုင်ငံကူးလက်မှတ်-၅၀၃၈၅၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၁-၅၀၄၇၄၉



ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံးတော်၌
၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၇

၁။ ဒေါ်ခင်ဝင်းရီ နှင့် ဦးဟန်စိန်
၂။ ဒေါ်သက်သက်ဦး
၃။ ဦးဇင်မင်းဦး

တရားလို **တရားပြိုင်**

အမှတ်(၁၀၉၁/ခ)၊ သံသုမာလမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)နေ ဦးဟန်စိန် သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၁ခုနှစ် ဧပြီလ ၂၉ ရက် (၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သိန်းသိန်း(တ/၁၇၂၇)
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ တကောကနုတ် အုပ်စုတောင်ဈေး ဖလုံကျေးရွာနေ ဦးသိန်းဟန်[၇/ကဝန(နိုင်)၀၄၂၈၁၄]၊ ဒေါ်တင်ရီ[၇/ကဝန(နိုင်)၀၄၈၉၃၁] အိမ်အမှတ်(၅၁၇)တို့၏သား မောင်ကျော်ဆန်းဝင်း [၇/ကဝန(နိုင်)၀၉၅၇၅၀]သည် မိဘများ၏ ဆိုဆုံးမစကားများကို ကြိမ်ဖန်များစွာနာခံမှုမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းအများသိရန် ကြေညာပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ ရှင်းလင်းပေးမည်မဟုတ်ကြောင်း။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင် - ဦးသိန်းဟန်
မိခင် - ဒေါ်တင်ရီ

ကျေးရွာမူလတန်းကျောင်းဆောက်လုပ်လှူဒါန်း

မန္တလေး ဧပြီ ၁၅

မန္တလေးတိုင်း ဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ထန်းဥယျာဉ် (အိမ်ရှေ့မင်းထန်းတော) ကျေးရွာ၌ မန္တလေးမြို့ စေတနာရှင် မိသားစုတစ်စုက အလျား ပေ ၇၀၊ အနံပေ ၃၀ သွပ်မိုး၊ နံကပ်ကျောင်းဆောင်တစ်ဆောင်အား ဆောက်လုပ်လှူဒါန်းထားသဖြင့် ၎င်းကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိကျေးရွာ၌ပင် အခြေခံမူလတန်း ပညာများကို သင်ကြားနိုင်ပြီ ဖြစ်သည်။ **(ဝဲပုံ)**

အဆိုပါ အခြေခံပညာမူလတန်းကျောင်းအား မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ် (၃) သုမာလာလမ်း၊ ခိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြားနေ ဦးသန့်စင်နှင့် ဇနီး ဒေါ်အေးအေး (ခ) ဒေါ်သန်းသန်းအေး (အောင်မော်တော်ယာဉ်ထုတ်လုပ်ရေး)က ပရိဘောဂများ၊ စာသင်ခုံများ၊ အဝီစိရေတွင်း၊ သန့်စင်ခန်းအပါအဝင် ကျပ်သိန်း ၁၃၀ခန့် မတည်၍ လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၀၅)

မေတ္တာပေါင်းကူးတံတား တည်ဆောက်

မိုးညှင်း ဧပြီ ၁၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် မေတ္တာပေါင်းကူးတံတား ပန္နက်တင်မင်္ဂလာပွဲကို ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ သာယာကုန်းကျေးရွာဘုန်းတော်ကြီး ဦးရေဝရ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဖေနှင့် အဖွဲ့ဝင်များ၊ တံတားဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများက သာယာကုန်းကျေးရွာနှင့် နန့်စီးအောင်ကျေးရွာ (ပေကုန်းကျေးရွာ)သို့ ဖောက်လုပ်ထားသော လေးတန်ချောင်းကူးတံတား (မေတ္တာပေါင်းကူးတံတား)ကို အသစ်ပြန်လည်တည်ဆောက်ရန် ပန္နက်တိုင်များကို စိုက်ထူကြသည်။ အဆိုပါတံတားမှာ အလျားပေ ၃၆၀ ၊ အနံ ၇ ပေ၊ အမြင့် ၁၅ ပေရှိပြီး ကျောက်စီကွန်ကရစ် အမျိုးအစား လူသွားလမ်းတံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကျားသောင်းကျေးရွာအုပ်စု တောင်တဲစုရွာမှ လယ်သမားကြီး ဦးကျော်သိန်း၏ လယ် ၁၀ ဧက တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ယနေ့ မြန်မာနိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု မြင့်မားသည့် နိုင်ငံဖြစ်နေပြီး ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုမှာလည်း အရှေ့တောင်အာရှဒေသအတွင်း၌ အမြင့်မားဆုံး စိုက်ပျိုးနိုင်သည့်နိုင်ငံဖြစ်လာပြီဟု ဝမ်းမြောက်ဂုဏ်ယူဖွယ် ကြားသိရှိရသည်။

ပဲမျိုးစုံ ထုတ်လုပ်မှုအပိုင်းတွင် ၁၉၈၈ခုနှစ်တွင် စိုက်ဧက ၁ ဒသမ ၈ သန်းရှိပြီး တန်ချိန် ၁၇၀၀၀၀ သာ ထွက်ရှိခဲ့ရာမှ ယခုအခါ စိုက်ဧက ၁၀ ဒသမ ၅၇ သန်းကျော်၌ တန်ချိန် ၄၉ ဒသမ ၇၅ သိန်းအထိ တိုးတက်ထွက်ရှိထုတ်လုပ်နိုင်ခဲ့သည်။

ယခုအခါ နိုင်ငံခြားဈေးကွက်ဝင် မတ်ပဲများကို အထွက်နှုန်းကောင်း၍ အရည်အသွေးကောင်းမွန်သည့် ပဲ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ဖြူး - မြင့်ဦး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အင်တာနက်သတင်း | ဘာသာပြန် - စံစံ

ကမ်းလွန်ရေနံတူးစင်ဟောင်းများကို ဖျက်သိမ်းခြင်းမပြုဘဲ လူလုပ်သောင်ခုံကျောက်တန်းများအဖြစ် ပြောင်းလဲနိုင်

ဆစ်ဒနီ ဧပြီ ၁၅

ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်မည့် လုပ်ငန်း၌ အသုံးပြုခြင်းမရှိတော့သည့် ကမ်းလွန်ရေနံတူးစင်ဟောင်းများကို လူဖန်တီးသော သောင်ခုံကျောက်တန်းများအဖြစ် ပြောင်းလဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည် ဖြစ်ကြောင်း သြစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားကြသည်။

ခေတ်မမီတော့သဖြင့် အသုံးမဝင်တော့သည့် ကမ်းလွန်ရေနံတူးစင်ဟောင်းများနှင့် ထုတ်လုပ်မှုစရိတ် အလွန်ကြီးလေးနေသည့် ကမ်းလွန်ရေနံတူးစင်ဟောင်းများကို

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❍



ဘရာဇီးပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ တည်ဆောက်ထားသည့် ရေနံတူးစင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြည်ပအားကစားနှင့် အနုပညာသတင်းအညွှန်း

မန်စီးတီးနှင့် ဖာဂူဆန်တို့ ဗျူဟာချင်း အားပြိုင်ကြမည့် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲစဉ်များ
သတင်း စာမျက်နှာ ၁၂

ဆန်းဒါးလန်း တိုက်စစ်မှူး ဖရေဇာကမ်းဘဲလ် ရာသီကုန်ထိ နားရမည်
သတင်း စာမျက်နှာ ၁၂

ပြုံးပျော်နေသည့်ကန်တုန်ဝန်နှင့် ဆောင်းဟေကျို

သတင်းစာမျက်နှာ ၅

ပီးပဲလ်မဂ္ဂဇင်းက ၂၀၁၁ ခုနှစ်၏ အလှဆုံး အမျိုးသမီးအဖြစ် ဂျနီဖာလိုပက်ဇ်ကို ရွေးချယ်